# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့။ Monday, 23 June 2025 ၁၁၈၅၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မင်းဘူး(စကု)မြို့နယ်၌ အောင်နိုင်တိုးစပါးမျိုး အကွက်ကျယ်စံပြကွက်ရိတ်သိမ်း၊ တစ်ဧက စပါးအစို တင်း ၁၄၀ ကျော်ထွက်ရှိ

မင်းဘူး ဇွန် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းစီမံကိန်းဧရိယာအတွင်း စိုက်ပျိုးထားသော နွေစပါး အောင်နိုင်တိုးစပါးမျိုး အကွက်ကျယ်စံပြကွက်ရိတ်သိမ်းခြင်းကို ဇွန် ၂၁ ရက် နံနက်ပိုင်းက ထိန်တောကျေးရွာ၌ ဆောင်ရွက်ခဲ့ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း စပါးအစို တင်း ၁၄၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


## ပေါင်မြို့နယ်၌ ကြက်မောက်သီးများစတင်ထွက်ရှိ၍ ဈေးကောင်းရရှိ

ပေါင် ဇွန် ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ဒေသခံပြည်သူများသည် နှစ်တို၊ နှစ်ရှည်ပင်များကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုအခါ ဒေသထွက်ကြက်မောက်သီးများ စတင်ထွက်ရှိနေပြီး ဈေးကောင်းရရှိလျက်ရှိသည်။

**စီးပွားဖြစ်စိုက်ပျိုး**

ပေါင်မြို့နယ်ရှိ ဒေသခံများသည် ဥယျာဉ်ခြံများအတွင်း ကြက်မောက်ပင်များကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ယိုးဒယားကိုင်းဆက်မျိုးနှင့် မြန်မာသီးမျိုးဟူ၍ နှစ်မျိုးရှိပြီး ယခုချိန်၌ ယိုးဒယားကိုင်းဆက်သီးများ စတင်ထွက်ရှိရာ ရန်ကုန်၊ မန္တလေးသို့လည်း ပါကင်များထုပ်ပိုးပြီး ကားများဖြင့်ပို့ဆောင်ခြင်း၊ ဖောက်သည်ပေးခြင်း၊ ခြံတွင်းသို့ ကိုယ်တိုင်လာရောက် ဝယ်ယူခြင်းများလည်းရှိကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၅ သို့ ○




**ယနေ့ ဖတ်စရာ**

**အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်**


ဆောင်းပါး စာမျက်နှာ » ၆




**ကိုဗစ်-၁၉ အိုမီခရွန် ဗီဇမျိုးကွဲသစ်ကို သတိထား၍ စောင့်ကြည့်ခြင်း**


ဆောင်းပါး စာမျက်နှာ » ၁၀


**၂၀၂၅ ခုနှစ် ဇွန်လအတွင်း (၁-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**


စာမျက်နှာ » ၁၅

ကြေးမုံ

# ပြည့်ဖြိုးမြဲစွမ်းအင်တိုးချဲ့ထုတ်လုပ် လူမှုစီးပွားမြင့်မားရေးအလေးထား

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝများတွင် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိနေသောကြောင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ပြီး နိုင်ငံမှာလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသော်လည်း အခက်အခဲအမျိုးမျိုးတို့ကြောင့် လျှပ်စစ်ဓာတ်အားဖူလုံရေး၌ လိုအပ်ချက်များစွာရှိသေးသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးကို နိုင်ငံတော်အစိုးရက နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဇွန်လ ၂၁ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများ၌ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် "နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ၎င်းလုပ်ငန်းများ ဆောင်ရွက်သူများအတွက် Incentive များပေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း Small Scale (အိမ်သုံး)မှ Large Scale (စက်ရုံသုံး)အထိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း" ပြောကြားခဲ့သည်။

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိစေမည့်လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံသည် ရာသီဥတု သာယာကောင်းမွန်ပြီး နေသာသည့်ရက် များပြားသည့်နိုင်ငံဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပျမ်းမျှအားဖြင့် ရက်ပေါင်း ၃၀၀ ကျော်ခန့် နေ့အလင်းရောင်နှင့် နေရောင်ခြည် အပြည့်အဝရရှိနိုင်သည်။ နေရောင်ခြည်သည် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သည့် သဘာဝအရင်းအမြစ်ဖြစ်သည်။ ကနဦးကုန်ကျစရိတ်များပြားသော်လည်း ရေရှည်တွင် ကုန်ကျစရိတ်နည်းပါးပြီး အကျိုးရလဒ်များသော လုပ်ငန်းဖြစ်သည်။

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲက ၂၀၂၂ ခုနှစ်တွင် စတင်လမ်းညွှန်ခဲ့သည်။ နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းမှတစ်ဆင့် အမြန်ဆုံးရရှိနိုင်မည်ဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ဆိုလာပြား၊ ဘက်ထရီနှင့် လျှပ်စစ်ဓာတ်ကြိုးများ အဓိကလိုအပ်သည်။ အရင်းအနှီးပစ္စည်းများကို ပြည်ပမှတင်သွင်းရသော်လည်း လိုအပ်သည့်ပစ္စည်းများကို ပြည်တွင်းကုန်ကြမ်းများဖြင့် ထုတ်လုပ်နိုင်ရန် တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဥပမာအားဖြင့် သတ္တု၊ သံ၊ ဆီလီကွန်နှင့် တွင်းထွက်ဓာတ်သတ္တုပစ္စည်းကဲ့သို့သော ကုန်ကြမ်းများလိုအပ်သဖြင့် ပြည်တွင်းကုန်ကြမ်းများဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်။ ယခုအခါ ပြည်တွင်း၌ ဆိုလာ၊ ဘက်ထရီ၊ လျှပ်စစ်မီးကြိုးနှင့် ထရန်စဖော်မာများ ထုတ်လုပ်နိုင်နေပြီဖြစ်၍ အရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားသော အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ တီထွင်ကြံဆထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပြည့်ဖြိုးမြဲစွမ်းအင်သုံးဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းသည် တည်ဆောက်ချိန် တိုတောင်းပြီး တစ်ပိုင်တစ်နိုင် သုံးစွဲနိုင်သည့် အိမ်သုံးနှင့် လုပ်ငန်းငယ်များမှသည် စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်သည့် အကြီးစားလုပ်ငန်းများအထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆိုလာလျှပ်စစ်ဓာတ်အားဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ကုန်ထုတ်လုပ်မှုစရိတ်ကို များစွာလျှော့ချနိုင်သောကြောင့် အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်သည်။ ဆိုလာပြားထုတ်လုပ်မှုတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲက မှာကြားထားသည်။ မြို့ရွာများ၌ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ၏ လူမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်မှုရှိလျှင် နိုင်ငံတော်နှင့် ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်၍ ရှိရင်းစွဲပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးချဲ့ထုတ်လုပ်ကာ ပြည့်ဖြိုးမြဲစွမ်းအင် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ နိုင်ငံတစ်ဝန်းကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နိုင်စေရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၈ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇွန် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ကလေးစာပေ တတိယဆုရရှိသည့် စာရေးသူ ခိုင်ချစ်အောင်၏ "ညီနောင်သုံးဖော်နှင့်ကလေးကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၇၉ ပုဒ် ပါဝင်သည်။ ကလေးတို့နှင့် ရင်းနှီးကျွမ်းဝင်လှသော ဝလုံးကလေး၊ နေလုံးကလေး၊ ဖိုးလမင်းကလေးတို့သည် ဝိုင်းဝိုင်းစက်စက်နှင့် ပုံသဏ္ဌာန်ချင်း တူညီလှသဖြင့် ညီအစ်ကိုနောင်ရင်းများ ဖြစ်ကြသည်။ ညီအစ်ကိုနောင်ရင်းအချင်းချင်း ရင်းနှီးချစ်ခင် စည်းလုံးကြရမည်ဟူသော နှိုးဆော်တိုက်တွန်းထားသည့် စာအုပ်၏ ခေါင်းစဉ်ကလေးကဗျာလေးကပင် တစ်မျိုးဆန်းသစ်၍ နေပေသည်။ ကလေးတို့ အမြဲတစေတွေ့မြင်နေကျဖြစ်သည့် အသီးအနှံကလေးများ၊ တိရစ္ဆာန်ကလေးများကို တင်စားချက်အမျိုးမျိုးဖြင့်ဖွဲ့ဆိုထားသော ကဗျာလေးများ၊ စိတ်နေသဘောထားလိမ္မာယဉ်ကျေးလာစေရေးအတွက် ဖွဲ့ဆိုသော ကဗျာများ၊ နိုင်ငံတော်၏ ရေမြေတောတောင် သဘာဝအလှအပကို ဖွဲ့ဆိုထားသောကဗျာများ အစရှိသည်ဖြင့် အကြောင်းအရာစုံလင်သော ကလေးကဗျာစာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ သမဝါယမအသင်းများက မိုးစပါးများစတင်စိုက်ပျိုး



**အုတ်တွင်း ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ အင်ဒိုင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းတွင် အောင်နိုင်တိုးစပါးမျိုးများ မျိုးစေ့ချကိရိယာဖြင့် စတင်စိုက်ပျိုးနေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အုတ်တွင်းမြို့နယ်အတွင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမ မိုးစပါးစီမံကိန်းဆောင်ရွက်ရာတွင် မြို့နယ်အတွင်းကျေးရွာများရှိ အခြေခံသမဝါယမအသင်းများ၏ သမဝါယမအသင်းသား တောင်သူ ၂၅၄ ဦး၊ မိုးစပါးစိုက်ဧက ၁၅၀၀ စိုက်ပျိုးရန်အတွက် တောင်သူများလိုအပ်သည့် မျိုး၊ သွင်းအားစုများကို သွင်းအားစုကုမ္ပဏီများနှင့်ချိတ်ဆက်၍ မြို့နယ်သမဝါယမအသင်းစုက အသင်းသား တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ၂၂ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၂၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီး၊ ရာဇသင်္ဂဟလမ်းမကြီး၊ တော်ဝင်ရတနာလမ်းမကြီးနှင့် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း သုခတော်ဝင်အိမ်ရာရှိ သစ္စာလမ်းနှင့် မုဒိတာလမ်းများသို့ သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။



**စစ်ဆေးဆောင်ရွက်**

ထို့နောက် ဥတ္တရသီရိ ရေလှောင်တမံသို့ သွားရောက်ပြီး စက်ယန္တရားများဖြင့် အရေးပေါ် ရေပိုလွှဲဆောင်ရွက်နေမှု၊ ယာယီရေတားတမံ ဆောင်ရွက်နေမှုနှင့် ရေထုတ်ပြွန်ပြင်ဆင်နေမှု၊ ဥတ္တရသီရိမြို့နယ် ပဲခူးလမ်း၊ သော်ကလမ်းနှင့် ပုဗ္ဗသီရိမြို့နယ် ကျိုက်ထိုလမ်းများ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေး ပိုက်လိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် အမြဲမပြတ်စစ်ဆေးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်း စိုးမြင့်မိုရ်ခန်းမ၌ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ပညာပေးဟောပြောခြင်းနှင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဆွေဇင်ဝင်းက နေပြည်တော်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ပျဉ်းမနားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက သရုပ်ပြတင်ဆက်ကပြခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့် ပြခန်းနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းနှင့် သပြေကုန်းအဝိုင်းသို့ သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းနှင့် မြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံနှင့် အိုင်စောက်ကျေးရွာကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး Box Culvert နှင့် ရေထုတ်ပြွန်များတွင် အမှိုက်များပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမသို့ သွားရောက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲတွင် နေပြည်တော်ကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်မည့် တိုက်ကွမ်ဒို အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားကာ ချီးမြှင့်ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

❖ **မင်းဘူးမှ**

ထိုသို့ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံတောင်သူများပူးပေါင်းကာ ထိန်တောကျေးရွာအုပ်စုရှိ တောင်သူ ဦးထွန်းရီ၏ လယ်မြေ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းပညာများ ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးထားသော နွေစပါး အောင်နိုင်တိုးစပါးမျိုး အကွက်ကျယ်စံပြကွက် စိုက်ခင်းဧရိယာ တစ်ဧကအတွင်း၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်းအားဖြင့် စပါးအစို ၁၄၅ ဒသမ ၄၅ တင်းထွက်ရှိခဲ့ပြီး ဒေသခံတောင်သူများ နွေစပါးစတင်ရိတ်သိမ်းချိန် စပါးအထွက်နှုန်းများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



မင်းဘူး(စကု)မြို့နယ်၌ အောင်နိုင်တိုးစပါးမျိုး အကွက်ကျယ်စံပြကွက် ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

အဆိုပါ စံပြကွက်ရိတ်သိမ်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဒေသတွင်း စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် အောင်နိုင်တိုးစပါးမျိုးအား သက်တမ်းတိုပြီး စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်သည့်အတွက် အဆိုပါ စပါးမျိုးသစ်အား ဒေသအတွင်းရှိ တောင်သူများအနေဖြင့် တွင်ကျယ်စွာ အသုံးပြုစိုက်ပျိုးနိုင်ရေး အသိပညာပေးဆွေးနွေးပြောကြားကာဒေသခံတောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်တင်ပြမှုများအပေါ် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ကမ်းနီဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာအတွင်း နွေစပါးကို အောင်နိုင်တိုးစပါးမျိုးသစ် ဧက ၁၀၀ အပါအဝင် နွေစပါးစုစုပေါင်း ဧက ၁၁၆၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အလားတူ မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၄-၂၀၂၅ ခုနှစ်စိုက်ပျိုးရာသီတွင် အောင်နိုင်တိုး စပါးမျိုးသစ်ကို အသုံးပြုပြီး မိုးစပါး ဧက ၅၃၀ နှင့် နွေစပါးကို ဧက ၅၄၈၈ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် အောင်နိုင်တိုးစပါးမျိုးသစ်ကို ဧက ၁၃၆၃၃ ဧကအထိ တိုးတက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

❍ **ပေါင်မြို့နယ်မှ**

ကြက်မောက်ပင်များသည် ပူနွေးစိုစွတ်သော ရာသီဥတုကိုကြိုက်ပြီး စိုက်ပျိုးသောနေရာမှာ ရေမဝပ်သောနေရာဖြစ်ပြီး တစ်ပင်နှင့်တစ်ပင်ကို ၁၅ ပေခန့်ခြားပြီး စိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီးပြီးချင်း တစ်လ တစ်ကြိမ် မြေဩဇာကျွေးကြောင်း၊ အစေ့ပျိုးပင်မှာ စိုက်ပြီး ခြောက်နှစ်အကြာ၊ ကိုင်းဆက်မျိုးမှာမြေချပြီး နှစ်ချင်းသီးကြောင်း ကြက်မောက်ခြံပိုင်ရှင်တစ်ဦးထံမှသိရသည်။

ကြက်မောက်သီးများစားသုံးခြင်းဖြင့် အမောပြေခြင်း၊ သွေးအားကောင်းခြင်း၊ သံဓာတ်အားပြည့်ဝစေခြင်း၊ ကိုယ်ခံအားစနစ် မြှင့်တင်ပေးခြင်း၊ အစာခြေစနစ်ကိုကောင်းမွန်စေခြင်း၊ ကိုယ်အလေးချိန် ထိန်းညှိရာတွင် အထောက်အကူပြုခြင်း၊ သွေးတွင်းသကြားဓာတ်ထိန်းညှိပေးခြင်း၊ နှလုံးကျန်းမာရေးကောင်းမွန်စေခြင်း၊ ကင်ဆာကာကွယ်ပေးနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက်အထောက်အကူပြုခြင်း၊ အသားအရေကြည်လင်စေခြင်း စသည့် အကျိုးကျေးဇူးများအပြင် အာဟာရဓာတ်များကြွယ်ဝကာ ခန္ဓာကိုယ်အတွက် ကောင်းကျိုးများစွာ ပေးစွမ်းနိုင်ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကဉ္စနမဟီရပ်ကွက်ရှိ အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေရွှေကြက်ကျ ဆုတောင်းပြည့် မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်ပြုပြင်နေမှု အခြေအနေကိုလည်းကောင်း၊ ဂန္ဓကုဋီတိုက်အမိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ အပျက်အစီးများကို ပြင်ဆင် ဆောင်ရွက်ရာတွင် ရှေးဟောင်းသမိုင်းဝင်ဘုရားများ ဖြစ်သည့်အတွက် ရှေးမူမပျက် ပြုပြင် ဆောင်ရွက်သွားကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် ကဉ္စနမဟီရပ်ကွက်နှင့် ပြည်ကြီးမျက်ရှင် ရပ်ကွက်တို့ရှိ အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး အပြာရောင်အဆင့် ပြန်လည်နေထိုင်လျက်ရှိသော ဝန်ထမ်းအဆောက်များ အခြေအနေ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အပြာရောင်အဆင့် သတ်မှတ်ချက်ဖြင့် ဝန်ထမ်းများပြန်လည်နေထိုင်လျက်ရှိသော ဝန်ထမ်းအဆောက်များ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပေးအပ်**

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ နေထိုင်လျက်ရှိသည့် သဇင်(၁) အဆောင်(၆)သို့ သွားရောက်ပြီး နေထိုင်ရေးအဆင်ပြေမှုရှိ မရှိနှင့် လျှပ်စစ်မီး၊ သောက်သုံးရေရရှိမှုတို့ကို စိစစ်မေးမြန်းပြီး လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမဦးစီးဌာန ဝန်ထမ်းများ နေထိုင်လျက်ရှိသော သဇင်(၄) အဆောင်(၇) နှင့် (၈) အခြေအနေကို လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးရုံးနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဝန်ထမ်းများနေထိုင်လျက်ရှိသော သဇင်(၄) အဆောင်(၉) အခြေအနေကို လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ နေထိုင်လျက်ရှိသော သဇင်(၆) အဆောင်(၅) အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ အဆောင်ပတ်ဝန်းကျင် သန့်ရှင်းရေးကို ပုံမှန်ဆောင်ရွက်သွားကြရန်၊ သတ်မှတ်ထားသော အဆောင်စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန် မှာကြား၍ ဦးစီးဌာနအလိုက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဆွေးနွေးပွဲပြုလုပ်

**ကျိုက်ထို ဇွန် ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်များအသင်း Youth Club တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် စာရေးဆရာ တက္ကသိုလ် ဘုန်းနိုင်ရေးသားသည့် “တပြည်သူမရွှေထား” စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Youth Club အဖွဲ့မှ အဖွဲ့ဝင် မမေမြတ်မင်းနှင့် မောင်ဘုန်းတေဇာနိုင်တို့က အဆိုပါ စာအုပ်ပါအကြောင်းအရာများကို ကဏ္ဍအလိုက် အသီးသီးဆွေးနွေးရာ တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# ထားဝယ်မြို့၌ မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကျင်းပ

**ထားဝယ် ဇွန် ၂၂**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒ အကျိုးများရရှိစေရေးတို့ကို ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆန်းချီရပ် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အိမ်ရာဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက တက်ရောက်လာသူများအား သစ်ပင်ပျိုးပင်များ ပေးအပ်ပြီး ကံ့ကော်ပျိုးပင်ကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ထားဝယ်ခရိုင် ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များက ဝန်ထမ်းအိမ်ရာဝင်းအတွင်း ပျိုးပင်အမျိုးအစား ၁၀ မျိုး စုစုပေါင်းပျိုးပင် ၈၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးပြီး တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့၊ ဇီဝမျိုးစုံကြွယ်ဝဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့၊ သစ်တောသစ်ပင်ကျေးဇူးရှင် ထိန်းသိမ်းကြစို့ ထာဝစဉ်၊ ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း စသည့် ဆောင်ပုဒ်များနှင့်အညီ အိမ်ရာဝင်းအတွင်း၌ ကံ့ကော်၊ ခရေနှင့် အခြားပျိုးပင်များကို စိုက်ပျိုးပေးကြကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဧရာဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြသမှု ကြည့်ရှုအားပေး

**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဧရာဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြသခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ကမ်းနားလမ်း (၂၂) လမ်းနှင့် (၂၆) လမ်းရှိ ဧရာဝတီရှုခင်းသာ လွင်ပြင်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**ကြည့်ရှုအားပေး**

အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပရာ ဇာတ်တိုက်လေ့ကျင့်မှုတွင် မိုးရွာသွန်းမှုများပြားလာ၍ ရေကြီးရေလျှံမှုဖြစ်ပွားနိုင်ပြီး ကြိုတင်ပြင်ဆင်ထားရန် အသိပေးနှိုးဆော်ခြင်း၊ မီးသတ်ဦးစီးဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီ တောင်းခံခြင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ကျေးရွာအတွင်းရှိ လှေ/ သမ္ဗန်များဖြင့် စုပေါင်းကယ်ထုတ်နိုင်ရေး လှေများစုဖွဲ့သွားရောက်ခြင်း၊ ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ရွှေ့ပြောင်းနေချိန်တွင် ဘေးသင့်၍ ရေစီးနှင့်အတူ မျောပါလာသူကို အသက်ကယ်ဘောကွင်း၊ Intelli-gence Lifebuoy, line Shooter၊ Dive Suit များ အသုံးပြု၍ ကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယာယီဖွင့်လှစ်ထားသော ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်၍ ဆေးကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ယာယီခိုလှုံနိုင်ရန် ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း စသည့် လေ့ကျင့်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ ၁၂ ခု ပြခန်းများ၊ ပြသထားသည့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးအထောက်အကူပြုပစ္စည်းများနှင့် စက်ကိရိယာများ၊ မော်တော်ယာဉ်များ၊ စက်ယန္တရားယာဉ်ကြီးများကို လိုက်လံကြည့်ရှုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့၊ အဖွဲ့အစည်းဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်အတွင်းရှိ မူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခွင့်ရရှိရေး ကွင်းဆင်းစစ်ဆေး

**ပျဉ်းမနား ဇွန် ၂၂**

နေပြည်တော် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ Rainbow Preschool၊ အေးရိပ်မွန်မူကြို (၁) နှင့် အေးရိပ်မွန်မူကြို (၂) စသည့်ကျောင်းများ တည်ထောင်ခွင့်ပြုမိန့် ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခွင့်ရရှိနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကောင်စီဝင်က တည်ထောင်ခွင့်ပြုမိန့်ရရှိထားသော ကျောင်းများအား သက်တမ်းမကုန်မီ သက်တမ်းတိုးများလျှောက်ထားနိုင်ရေးအတွက် အသိပေးခြင်းများ ပြုလုပ်သွားရန်၊ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်၊ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အဆိုပါမူကြိုကျောင်းများရှိ ကလေးငယ်များအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**





# မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မုဒုံ ဇွန် ၂၂**

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အသင်းစုရုံး၌ ကျင်းပသည်။

ဦးစွာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးမင်းသောင်းဟန်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းမင်းထွန်းက ငွေစုငွေချေးလုပ်ငန်းပိုင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ချက် ဘဏ္ဍာရေး ရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်း အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူက ဖတ်ကြားရှင်းလင်းပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခြင်းနှင့် အတည်ပြုချက်များ ရယူဆောင်ရွက်ခဲ့၍ အသင်းသား ၂၂၈၉ ဦးအတွက် အစုပေါ် အမြတ်ငွေအကျိုးဝေစု တစ်စုလျှင် ကျပ် ၆၀၀၀ နှုန်းဖြင့် ကျပ်သိန်း ၁၃၀ ကျော်ကို အသင်းသားကိုယ်စားလှယ်များထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက်ပိုင်းက အမှတ်(၈)ရပ်ကွက် ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။



ထို့နောက် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဒေါ်စိုးစိုးအေး ခေါင်းဆောင်သော အဖွဲ့(၁)သည် အမှတ်(၈)ရပ်ကွက် ဓမ္မာရုံတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အသက်(၁၆-၁၈)နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူများ၊ အိမ်ထောင်စုမရှိဘဲ ပုံစံအလွတ်ဖြင့် ကောက်ယူလာသူများ၊ ယာယီအိမ်ထောင်စုထဲမှ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများ၊ ရွှေ့ပြောင်း နေထိုင်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်းနှင့် EKo3 စက်ဖြင့် ကိုယ်ရေးအချက်အလက် ကောက်ယူခြင်း လုပ်ငန်းများပါ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

# ပုဇွန်တောင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားမှု ကွင်းဆင်းစစ်ဆေး

**ပုဇွန်တောင် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေး ကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူ သိရှိနိုင်ရေး အသိပညာပေးဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီသက်နှင့် မြို့နယ်စည်ပင် အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွေးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနတို့ပူးပေါင်း၍ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟန်စုယဉ်**

# အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်

ဘုန်းသန့်စင်

### အမှိုက်ဆိုတာ

အမှိုက်ဆိုသည်မှာ လူတို့က အသုံးမလို၍ စွန့်လိုက်သော အစအန၊ အညစ်အကြေးများပင်ဖြစ်သည်။ ပတ်ဝန်းကျင်တွင် တွေ့မြင်နေရသော အမှိုက်သရိုက်အများစုတွင် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ ကြွပ်ကြွပ်အိတ်များ၊ လူ့အသုံးအဆောင်ပစ္စည်းအဟောင်းများကများသည်။ ထိုပစ္စည်းတို့သည် တစ်ချိန်က လူတို့၏လက်အတွင်း သို့မဟုတ် အိမ်အတွင်း သို့မဟုတ် မီးဖိုချောင်အတွင်း၌ လှပစွာနေရာယူခဲ့သည့်အရာများဖြစ်သည်။ အသုံးလိုစဉ် ဝယ်ယူအသုံးပြုခဲ့ကြပြီး အသုံးမလိုသည့်အချိန်တွင် အမှိုက်အဖြစ် သတ်မှတ်ကာ စွန့်ပစ်လိုက်ခြင်းခံရသည့် အရာများပင်ဖြစ်သည်။ ကြုံသလိုဖြစ်နေသည့် အမှိုက်များက ရေမြောင်းများအတွင်း ရောက်ရှိကာ ရေမြောင်းများ ပိတ်ဆို့စေခြင်း၊ မြစ်များ၊ ချောင်းများ၊ သမုဒ္ဒရာများအတွင်း ရောက်ရှိကာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း စသည့်ဆိုးကျိုးများကို ဖြစ်စေသည်။

လူနေအိမ်ခြေများသည့် ရပ်ကွက်များအတွင်းရှိ ရေမြောင်းများတွင် အမှိုက်များ ပိတ်ဆို့သည့်အခါ ရေစီးရေလာကောင်းမွန်မှုမရှိဘဲ ခြင်၊ ယင်များ အလွယ်တကူ ပေါက်ပွားရာနေရာ ဖြစ်လာလေသည်။ အမှိုက်များဖြင့် မသန့်ရှင်းသော ရေဆိုးရေညစ်များက ရေမြောင်းများအတွင်း ရှိနေသည့်အချိန်တွင် ရပ်ကွက်အတွင်းနေသူတို့ကို ရောဂါဘယများ ဖြစ်ပွားစေသည်။ လူတို့နေထိုင်ရာ ပတ်ဝန်းကျင်ကို ပျော်သလောက် ဒုက္ခပေးပြီးသော ထိုအမှိုက်တို့သည် ရေစီးနှင့်အတူ မြစ်များ၊ ချောင်းများ၊ ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ရောက်ရှိသွားသည့်အခါတွင်လည်း ရေနေသတ္တဝါများ၏ ဇီဝကမ္မဖြစ်စဉ်များကို ထိခိုက်စေပြီး ရေသယံဇာတများကိုပါ ပျက်စီးစေသည်။ သဘာဝပတ်ဝန်းကျင် ညစ်နွမ်းသွားပြီး ရေသယံဇာတများ ဆုံးရှုံးသွားမည်ဆိုပါက လူသားတို့အတွက် မတွေးဝံ့စရာပင်။ မိမိတို့ အသုံးမလိုသည့် အရာများကို ကြုံသလိုစွန့်ပစ်လိုက်ခြင်းဖြင့် ထိုပစ္စည်းများက မိမိတို့ကို တန်ပြန်ဒဏ်ခတ်ကာ လူမှုပတ်ဝန်းကျင်ကိုပါ ထိခိုက်စေနိုင်သည်ကို သတိပြုမိဖို့လိုသည်။

### မဖြစ်မနေ ပစ်နေကြသည်ဆိုရာတွင်

အမှိုက်ဆိုသည်မှာ လူတို့အတွက် အသုံးမလိုတော့သည့်အရာဖြစ်သဖြင့် စွန့်ပစ်ရမည်က အမှန်တရားပင်ဖြစ်သည်။ မီးဖိုချောင်မှထွက်ရှိသည့် စားကြွင်း စားကျန်ကဲ့သို့သော အမှိုက်များသည် သိမ်းဆည်းထားရန် မဖြစ်နိုင်၍ စွန့်ပစ်ကြရမည်သာဖြစ်သည်။ စနစ်တကျ၊ စည်းကမ်းတကျ စွန့်ပစ်ခြင်းနှင့် ကြုံသလိုစွန့်ပစ်ခြင်းသာ ကွာမည်ဖြစ်သည်။ ထမင်းကျန်၊ ဟင်းကျန်များကို သတ်မှတ်ထားသည့် အမှိုက်ပုံးတွင် စနစ်တကျ စွန့်ပစ်ခြင်းမပြုဘဲ မီးဖိုချောင်ပြတင်းပေါက်မှ ပစ်ချလိုက်မည်ဆိုပါက နောက်ဖေးလမ်းကြားတွင် ကြွက်များ သောင်းကျန်းလာမည်ဖြစ်သည်။ ကြွက်များ သောင်းကျန်းမှု ဖြစ်ပေါ်လာသည့်အခါ ထိုကြွက်များက အမည်မသိသောရောဂါများကို သယ်ဆောင်လာကြမည်သာဖြစ်သည်။



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထက(ရွှေတောင်)၌ ဇွန် ၁၇ ရက်က အမှိုက်များစနစ်တကျ စွန့်ပစ်ရန် အမှိုက်ပုံးအရောင်သတ်မှတ်၍ ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြလေ့ကျင့်စဉ်။

မည်သို့ပင်ဆိုစေကာမူ အသုံးမလို၍ စွန့်ပစ်ရမည့်အမှိုက်များကို ကြုံသလိုပစ်လိုက်သည့် အကျင့်များမရှိစေဖို့ ထိန်းသိမ်းနိုင်ကြမည်ဆိုပါက လမ်းဘေးရေမြောင်းတို့ကို ပိတ်ဆို့စေသည့်အမှိုက်များက ရှိလာစရာမရှိပေ။ ရေမြောင်းတို့ပိတ်ဆို့ခြင်း မရှိသည့်အခါ နောက်ဆက်တွဲဆိုးကျိုး ကူးစက်ရောဂါဆိုးများ ဖြစ်ပွားခြင်းမှလည်း ကင်းဝေးနိုင်သည်။ ကမ္ဘာကြီးတစ်ခုလုံးအတွက် စိန်ခေါ်မှုကြီးတစ်ခုဖြစ်နေပြီး ဖြေရှင်းစရာနည်းလမ်းကို အပူတပြင်းရှာဖွေနေရသည့် သမုဒ္ဒရာအတွင်းမှ အမှိုက်များလည်း ရှိလာစရာမရှိပေ။ မိမိတာဝန်မသိ အလွယ်လမ်းကိုလိုက်မိကာ ပစ်လိုက်မိသည့်အမှိုက်တစ်စက ကမ္ဘာကြီးကို ဒုက္ခပေးသည့် အရာတစ်ခုဖြစ်နေသည်ကိုလည်း သတိပြုမိဖို့လိုသည်။ ကိုယ်သုံးခဲ့သည့် ပစ္စည်း အမှိုက်ဘဝသို့ ရောက်သည့်အချိန်တွင် ကြုံရာပစ်ချတတ်သည်က လူသားတစ်ဦး၏ လုပ်သင့်လုပ်ထိုက်သော အပြုအမူ ဟုတ်၊ မဟုတ် စဉ်းစားဖို့လိုသည်။

### အခြေခံကအစ ပြင်ကြည့်ကြမယ်

လူမှုဘဝပြုလုပ်ဖွယ်ရာများကို ပြုလုပ်ကြရင်းဖြင့် အခြားသူများနှင့် လူမှုပတ်ဝန်းကျင်ကို ဒုက္ခပေးမှန်းမသိ ပေးလိုက်မိခြင်းဖြစ်သည်။ ဘဝအမောများကို ခေတ္တပြေပျောက်စေရန် မိသားစုနှင့်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများနှင့်သော်လည်းကောင်း တောတောင်ရေမြေ သဘာဝရှုခင်းများကို ကြည့်ရှုနိုင်ရေး ပျော်ပွဲစားခရီးထွက်တတ်ကြသည်။ စားကြသောက်ကြ၊ ပျော်ကြရွှင်ကြဖြစ်ခဲ့ရသည့် ထိုခရီးတွင် စားခဲ့သမျှသော စားကြွင်းစားကျန်၊ သုံးခဲ့သမျှသော ပလတ်စတစ်အမှိုက်အပါအဝင် အမှိုက်အားလုံးကို ကြုံသလိုပစ်ခဲ့မည်ဆိုပါက သဘာဝပတ်ဝန်းကျင် ညစ်နွမ်း၍ နောက်တစ်ကြိမ်တွင် ထိုနေရာသို့ သွားသည့်အခါ ယခင်ကကဲ့သို့ သဘာဝအလှများ ရှိနေနိုင်မည်မဟုတ်တော့ပေ။

လှပသော ပန်းပွင့်လေးများ ရောင်စုံဖူးပွင့်နေသည့် ပန်းခြံထဲသို့ ရောက်ရှိခိုက်တွင် ဘဝအမောများက ခေတ္တခဏ ပြေလျော့သွားရသည်။ ထိုပန်းခြံအတွင်း ရေသန့်ဘူးခွံများ၊ ဖော့ဘူးများ၊ ပလတ်စတစ်အိတ်များကို ကြုံသလိုပစ်ခဲ့မည်ဆိုပါက ပန်းပေါင်းစုံဖြင့် လှပနေသောပန်းခြံမှာ အကျည်းတန်သွားပေမည်။ အပျော်စီးသင်္ဘောစီး၍ ခရီးထွက်သည့်အခါ ကြည်လင်သောရေပြင်တွင် စင်ရော်ငှက်ကလေးများ ဝဲပျံ၍နေသည်ကို လူတိုင်းကြည့်လိုမြင်လိုကြသည်။ ရေအောက်ကြမ်းပြင်အထိ မြင်နိုင်သည့် ကြည်လင်သောရေထဲတွင် သန္တာကျောက်တန်းလေးများ၏ အလှနှင့်အတူ ရေသတ္တဝါမျိုးစုံကို မြင်ရကြည့်ရသည့်အခါ လွန်စွာပျော်ရွှင်ရသည်။ ထိုမြင်ကွင်းတွင် ပလတ်စတစ်အမှိုက်များအပါအဝင် အမှိုက်မျိုးစုံဖုံးလွှမ်းသွားမည်ကို မလိုပါဟုဆိုပါလျှင် ကိုယ်တိုင် အမှိုက်တစ်စကို ကြုံသလိုပစ်ချတတ်သည့် အလေ့အထမရှိအောင် ကြိုးစားကြည့်စေလိုသည်။

### အမှိုက်ပုံးထဲ အရောက်ပစ်

လူတို့သည် မိမိတို့နေထိုင်ရာဝန်းကျင်ကို သန့်ရှင်းသာယာလှပစွာ ရှိစေလိုသည်။ အမှိုက်သရိုက်တို့ကင်းစင်စွာဖြင့် တောက်ပြောင်သန့်ရှင်းစွာ ရှိလိုကြသည်။ မိမိနေထိုင်ရာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် မလိုအပ်သည့်အရာများကို စွန့်ပစ်လိုက်ကြသည်။ စွန့်ပစ်ပစ္စည်းဆိုသည်မှာ နယ်ပယ်တိုင်းတွင် ရှိနေနိုင်သည်။ မလိုအပ်၍ စွန့်ပစ်သည်က အပြစ်ဟုမဆိုသာသော်လည်း မိမိပစ်လိုက်သည့်အမှိုက် သို့မဟုတ် စွန့်ပစ်ပစ္စည်းကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်စေမည်ကိုတော့ သတိပြုမိဖို့လိုသည်။

မိမိအိမ်ကလေး သာယာလှပစေရေးအတွက် အိမ်အတွင်းမှ အမှိုက်များကို စွန့်ပစ်ကြသည့်အခါ စည်ပင်သာယာက သတ်မှတ်ထားသည့် အမှိုက်ကန် သို့မဟုတ် အမှိုက်ပုံးအတွင်းသို့ မပစ်ဘဲ ကြုံရာပစ်ဖို့မသင့်ပေ။ မိမိအိမ်နှင့် ခြံဝင်းအတွင်း၌ အမှိုက်များကင်းစေ ပတ်ဝန်းကျင်တွင်တော့ ဖြစ်ချင်ရာဖြစ်စေဆိုသောစိတ်များ ကင်းဝေးစေလိုသည်။ ကားတစ်စီးဖြင့် ခရီးသွားသည့်အခါ မိမိကားပေါ်မှ အမှိုက်များကို လမ်းမပေါ်သို့ ကြုံသလိုပစ်ချလိုက်မည်ဆိုပါက မိမိကားတော့ သန့်ရှင်းသွားစေ ပတ်ဝန်းကျင်တော့ ဖြစ်ချင်သလို ဖြစ်စေဆိုသည့် စိတ်ဓာတ်ပင်ဖြစ်သည်။ ထိုစိတ်ဓာတ်များကို တတ်နိုင်သမျှ ကြိုးစားဖယ်ရှား၍ အမှိုက်ဟူသမျှ အမှိုက်ပုံးအတွင်းသို့ ရောက်စေရေး ကြိုးစားသင့်ပေသည်။

### အမှိုက်ကစ ပြဿဒ်မီးလောင်

အမှိုက်ဆိုသည်ကား လူတို့ကြောင့်ဖြစ်ရသည့် အရာများပင်ဖြစ်သည်။ “အမှိုက်ကစ ပြာသာဒ်မီးလောင်” ဆိုသည့် စကားပုံအတိုင်းပင် မိမိစွန့်ပစ်ခဲ့သော အမှိုက်တစ်စသည် လူမှုပတ်ဝန်းကျင်အတွင်း ပြဿနာမျိုးစုံကို ဖြစ်ပေါ်စေနိုင်သည်။ မဆင်မခြင် စွန့်ပစ်ခဲ့သော အမှိုက်များက စုပုံလာသည့်အခါ ထိုအမှိုက်ပုံများမှ ထွက်လာသည့် အငွေ့အသက်များက လူတို့၏ကျန်းမာရေးကို ထိခိုက်စေရုံသာမက သဘာဝပတ်ဝန်းကျင်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကဲ့သို့သော ဓာတ်ငွေ့များ ပိုမိုများပြားလာစေနိုင်ပြီး လေထုညစ်ညမ်းမှုကိုဖြစ်စေသည်ဟု ပညာရှင်များက သုံးသပ်ထားသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကိုလည်း မြင့်တက်စေနိုင်ပြီး ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှုတို့ကိုပါ ဖြစ်စေနိုင်သည်။

လူတို့၏ စွန့်ပစ်အမှိုက်များတွင် ပါဝင်သော ဓာတုပစ္စည်းများသည် မြေကြီးအတွင်းသို့ ရောက်ရှိသွားပါက မြေသယံဇာတများ ဆုံးရှုံးသွားနိုင်သည်။ မိမိတို့ပတ်ဝန်းကျင်တွင် ပလတ်စတစ်အမှိုက်များကဲ့သို့သော အမှိုက်များစုပုံနေသည့်နေရာတွင် သီးပင်စားပင်များ စိုက်ပျိုး၍ မဖြစ်နိုင်သည်က သက်သေပင်ဖြစ်သည်။ ရေထုအတွင်းသို့ကျရောက်သွားမည်ဆိုပါကလည်း ရေနေသတ္တဝါမျိုးစုံကို သေကျေပျက်စီးစေပြီး သန္တာကျောက်တန်းများကိုပင် ပျောက်ကွယ်သွားစေနိုင်သည်။ အမှိုက်မှထွက်သော အနံ့အသက်ဆိုးများ ပတ်ဝန်းကျင်အတွင်းသို့ ပျံ့နှံ့လာသည့်အခါ လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ အမှိုက်ပိတ်ဆို့နေသည့် ရေမြောင်းများမှတစ်ဆင့် ခြင်၊ ယင်များ လွယ်ကူစွာပေါက်ပွားရှင်သန်စေပြီး ထိုခြင်၊ ယင်များမှတစ်ဆင့် လူတို့ကို ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ စသည့် ကူးစက်ရောဂါများကို ဖြစ်စေသည်။

စာမျက်နှာ ၇ သို့ ❖

> လှပသော ပန်းပွင့်လေးများ ရောင်စုံဖူးပွင့်နေသည့် ပန်းခြံထဲသို့ ရောက်ရှိခိုက်တွင် ဘဝအမောများက ခေတ္တခဏ ပြေလျော့သွားရသည်။ ထိုပန်းခြံအတွင်း ရေသန့်ဘူးခွံများ၊ ဖော့ဘူးများ၊ ပလတ်စတစ်အိတ်များကို ကြုံသလို ပစ်ခဲ့မည်ဆိုပါက ပန်းပေါင်းစုံဖြင့် လှပနေသောပန်းခြံမှာ အကျည်းတန်သွားပေမည်။ အပျော်စီးသင်္ဘောစီး၍ ခရီးထွက်သည့်အခါ ကြည်လင်သောရေပြင်တွင် စင်ရော်ငှက်ကလေးများ ဝဲပျံ၍နေသည်ကို လူတိုင်းကြည့်လို မြင်လိုကြသည်။ ရေအောက်ကြမ်းပြင်အထိ မြင်နိုင်သည့် ကြည်လင်သောရေထဲတွင် သန္တာကျောက်တန်းလေးများ၏ အလှနှင့်အတူ ရေသတ္တဝါမျိုးစုံကို မြင်ရကြည့်ရသည့်အခါ လွန်စွာပျော်ရွှင်ရသည်။ ထိုမြင်ကွင်းတွင် ပလတ်စတစ် အမှိုက်များအပါအဝင် အမှိုက်မျိုးစုံ ဖုံးလွှမ်းသွားမည်ကို မလိုပါဟုဆိုပါလျှင် ကိုယ်တိုင်အမှိုက်တစ်စကိုပင် ကြုံသလို ပစ်ချတတ်သည့်အလေ့အထမရှိအောင် ကြိုးစားကြည့်စေလို

# မကွေးမြို့၌ အသက် ၂၃ နှစ်နှင့်အောက် ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မကွေး ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၃ နှစ်နှင့်အောက် ခရိုင်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စစ်ဘက်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော အားကစားဝါသနာရှင်များနှင့် မျိုးဆက်သစ်လူငယ် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ စစ်ကြောင်းမှူးက တန်းအပ်သတင်းပို့ခြင်း ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုအဆင့်အတန်း မြင့်မားလာစေရန်၊ အားကစားလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် စုပေါင်းလှုပ်ရှားသော အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာစေရန်နှင့် မျိုးဆက်သစ်လူငယ် ရွက်ပုန်းသီးအားကစားသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်ပြီး ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်း၏ ဆောင်ပုဒ်ဖြစ်သော “အဖိုးနည်းဝန်ပါ သင်ကျန်းမာ၊ ပိုက်ကျော်ခြင်းကိုကစားပါ၊ လူငယ် ကျောင်းသား သူငယ်ချင်း၊ စုပေါင်းကစား ပိုက်ကျော်ခြင်း” ဆိုသည့်အတိုင်း ကျောင်းသားလူငယ်များ စုပေါင်းကစားနိုင်ပြီး ကျန်းမာရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် အားကစားနည်းတစ်ရပ်လည်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ၂၀၂၅ ခုနှစ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၃ နှစ်နှင့်အောက် ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။




ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲအား စတင်ကျင်းပရာ မကွေးခရိုင်အသင်းနှင့် ပခုက္ကူခရိုင်အသင်းတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကစားနေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၂၅ ခုနှစ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၃ နှစ်နှင့်အောက် ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မကွေးတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခရိုင်မှ အမျိုးသားပွဲစဉ်အဖြစ် နှစ်ယောက်တွဲ၊ သုံးယောက်တွဲနှင့် လေးယောက်တွဲ ပွဲစဉ်များနှင့် အမျိုးသမီးအသင်းများအနေဖြင့် နှစ်ယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲပြိုင်ပွဲများတွင်ပါဝင်၍ ပြိုင်ပွဲဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ဇွန် ၂၃ ရက်အထိ အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ညီညာ**

# Bagan Plastic Campaign အဖွဲ့က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရန် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ

ညောင်ဦး ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ်သန့်ရှင်းသာယာ လှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များပူးပေါင်းအဖွဲ့က ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ဟောင်း ရွှေဂူကြီးဘုရား၌ စုရပ်ပြုလုပ်၍ အဖွဲ့နှစ်ဖွဲ့ခွဲပြီး စွန့်ပစ်ပလတ်စတစ်အမှိုက်များကိုအမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့သည်။




ထိုသို့ ဆောင်ရွက်ရာတွင် “ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေ ရှင်းကြစို့” ဟူသော ဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့ကဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ပုဂံမြို့ဟောင်း ရွှေဂူကြီးဘုရားတွင် စုရပ်ပြုလုပ်၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ နန်းတော်ရာ၊ အနန္ဒာဘုရား၊ သရပါတံခါးမှ တောင်ဘီကျေးရွာလမ်းခွဲအထိ လမ်းဘေး(ဝဲ၊ ယာ) တစ်လျှောက် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျကောက်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်းလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများကိုစေတနာအလှူရှင်များက သောက်ရေသန့် Royal-D အားဖြည့်အချိုရည်ဘူးများနှင့် ကောင်းညွှင်းပေါင်း၊ အကြော်စုံတို့ကို ဝေငှကျွေးမွေးလှူဒါန်းသည်။

Bagan Plastic Campaign အဖွဲ့အနေဖြင့် ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းများကင်းဝေးပြီး သတ်မှတ်အမှိုက်စွန့်ပစ် နေရာများတွင် စနစ်တကျ အမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းဆောင်ရွက်ခြင်း လုပ်ငန်းကို အပတ်စဉ်(စနေနေ့တိုင်း) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ဆီဆိုင်မြို့ မြို့မဈေး၌ ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ဆီဆိုင် ဇွန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် တာဝန်ရှိသူများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

**အခမဲ့ဖြန့်ဝေပေး**

ထိုသို့ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းဦးနှင့် ဝန်ထမ်းများ၊ ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ဆီဆိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်မြို့၌ သဘာဝဘေးတုံ့ပြန်ကယ်ဆယ်ရေးဆောင်ရွက်ထားရှိမှုနှင့်ဇာတ်တိုက်လေ့ကျင့်

ပြည် ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးစောထွန်းသည် ဇွန် ၂၁ ရက် နံနက်ပိုင်းက ပြည်ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များ၏ သဘာဝဘေးတုံ့ပြန်ကယ်ဆယ်ရေးဆောင်ရွက်ထားရှိမှုနှင့် ဇာတ်တိုက်လေ့ကျင့်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက ဝူတစ်မုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်သော မိုးကြီးရေလျှံဘေးအန္တရာယ်များနှင့်ပတ်သက်၍ တုံ့ပြန်ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ စုဖွဲ့ထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ စုစည်းထားရှိမှုနှင့် တပ်ဖွဲ့ဝင်များ၏ ကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❖ စာမျက်နှာ ၆ မှ

**ရောင်စုံပုံးများအတွင်းသို့ ပို့ကြစို့**

အမှိုက်ကိစ္စသည် သာမန်အားဖြင့် ကြည့်မည်ဆိုပါက အရေးကြီးသည်ဟု ထင်နိုင်စရာမရှိသဖြင့် အလွယ်တကူပင် အိမ်ထောင်စုထွက်အမှိုက်များကို ကြုံသလိုစွန့်ပစ်လေ့ရှိသည်။ ပစ်ရမည့်အတူတူပင်ဖြစ်သဖြင့် စည်ပင်သာယာရေးဌာနကဲ့သို့သော အစိုးရက သတ်မှတ်ထားသည့် အမှိုက်ပုံးများအတွင်းသို့ စွန့်ပစ်ပေးခြင်းသည် မိမိတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်နိုင်ပေ။ မိမိတို့အိမ်အတွင်းမှ ထွက်ရှိလာသော အမှိုက်များကို သတ်မှတ်ချက်များနှင့်အညီ ခွဲခြား၍ စနစ်တကျစွန့်ပစ်မည်ဆိုပါက ရှုံ့လည်းလျှောက်သာ၊ ပျားလည်းစွဲသာဆိုသကဲ့သို့ပင် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေသည့်ဝန်ထမ်းများလည်း တာဝန်ပိုများ လျော့သွားမည်ဖြစ်သည်။

အိမ်တစ်အိမ် သို့မဟုတ် မိသားစုတစ်စုမှ သာမန်အားဖြင့် ထွက်လာသည့် အမှိုက်တို့ကို အမျိုးအစား လေးမျိုးခွဲခြားနိုင်သည်။ အမှိုက်စိုဟု သတ်မှတ်ရမည့် မီးဖိုချောင်ထွက် စွန့်ပစ်ပစ္စည်းများ၊ စားကြွင်းစားကျန်များ၊ အသား၊ ငါးအကြွင်းအကျန်များအတွက် **အစိမ်းရောင်အမှိုက်ပုံး**အတွင်းသို့လည်းကောင်း၊ အမှိုက်ခြောက်များဖြစ်သည့် စက္ကူပုံးများ၊ ဖန်ပုလင်းများ၊ သံတိုသံစ၊ သတ္တုပစ္စည်းများ၊ အဝတ်အထည်နှင့် ပိတ်စများ စသည့်စွန့်ပစ်ပစ္စည်းများကို **အဝါရောင်အမှိုက်ပုံး** အတွင်းသို့လည်းကောင်း၊ ပလတ်စတစ်အမှိုက်များဖြစ်သည့် ပလတ်စတစ်သုံးပစ္စည်းများနှင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများကို **အပြာရောင်အမှိုက်ပုံး**အတွင်းသို့လည်းကောင်း၊ ဘေးအန္တရာယ်ရှိအမှိုက်များဖြစ်သည့် လျှပ်စစ်စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ဘက်ထရီအိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးဘူးများ၊ မှုတ်ဆေးဘူးအမျိုးမျိုးနှင့် မီတ္တာကူးစက်များမှထွက်ရှိသည့် ဆေးအကြွင်းအကျန်များ စသည့်ဘေးအန္တရာယ်ရှိနိုင်သည့် အမှိုက်များကို **အနီရောင်အမှိုက်ပုံး**အတွင်းသို့ လည်းကောင်း စွန့်ပစ်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်ကြမည်ဖြစ်ပေသည်။ ။

**ရည်ညွှန်း - နေ့စဉ်ထုတ်သတင်းစာများ။**

# နယုန်လ

## မောင်လူမွှေး(မြန်မာမှု)

မြန်မာ့ဆယ့်နှစ်လရာသီလများတွင် **နယုန်လ** သည် တတိယမြောက်လဖြစ်ပေသည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် **နံယုန်**ဟု နငယ်တွင် နိဂ္ဂဟိတ်တင်၍ရေးကြ၏။ အချို့ကျောက်စာများတွင်မူ **နယုန်**ဟု နငယ်တွင် နိဂ္ဂဟိတ်မတင်ဘဲ ရေးသည်လည်း ရှိပေသည်။

ပုဂံဒေသရှိ တက်နွယ်ကျောင်းကျောက်စာ (အင်းဝခေတ်-၈၀၄ ခု)၊ ပြာသဒ်ဥမင် ကျောက်စာ (၈၀၄-ခု)၊ မြစည်းခုံဘုရားကျောက်စာ (၈၇၀-ပြည့်) တို့တွင် **နံမျုန်**ဟု ရေးထိုးထားသည်ကို တွေ့ရပေသည်။

တန်ခူးကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွင့်မြူလိမ်း။ (မှန်စီသတ်ပုံ) ကဆုန်နမျုန်၊ ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း။ (သီရိမင်္ဂလာသတ်ပုံ) ရေးသားကြသည်ကိုလည်း တွေ့ရလေသည်။ ထိုသတ်ပုံများအရ **နမျုန်**ဟု အရေးအသားတွင်ခဲ့သည်ကိုလည်း တွေ့ရပေသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်းပြုဆရာ လှေသင်းအတွင်းဝန် ဦးချိန်က နယုန်လအဖွင့်ကို -

> "နယုန်၏ရင်းမြစ်မှာ "နရယုဂ" ဟူသော ပါဠိပုဒ်ဖြစ်သည်။ နရယုဂ သဒ္ဒါပျက်၍ နယုန်ဖြစ်လာသည်ဟု ယူရန်ရှိသည်။ မေထုန်ရာသီ၏အမည်များကို ရာဇမတ္တဏ်ကျမ်း ရာသီဘိဓာနအပိုင်း၌- "ဇိတုမ၊ မိထုန၊ နရယုဂ" ဟု သုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင် "နရယုဂ" ကား မေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏။ အဓိပ္ပာယ်မှာ မိန်းမ ယောက်ျားအစုံ (နရ=လူ+ယုဂ=အစုံ) ဟု ဆိုလိုပေသည်။"

ဝန်မင်း၏ ဆိုလိုချက်မှာ မေထုန်ရာသီဟောနရယုဂသဒ္ဒါမှ ပါဠိပျက်အနေနဲ့ နရယုဂ်ဖြစ်လာ၍ နရယုဂ်မှ နယုန်ဖြစ်လာသည်ဟု ဆိုလိုပေသည်။

နံတွင် နိဂ္ဂဟိတ်ကို မသတ်ပြု၍ နမျုန်ဟု ယှဉ်ပူးပြောဆိုရေးသားကြသည်။ ရေးနည်း ခေါ်နည်း မူမမှန်၍ ဖောက်ပြန်သောကြောင့် လိုက်နာသူနည်းသဖြင့် နောင် ကွယ်ပျောက်သွားလေသည်။ သို့ဖြစ်၍ ရေရှည်တွင်မူ "နယုန်" ဟူသော အရေးသည်သာ တည်တံ့ခဲ့ပေသည်။

ဤ၌ "နံယုန်" တွင် "နံ" ဝေါဟာရသည် အချိန်အခါဟောဖြစ်ပေသည်။ ဘယ်နံရောအခါ၊ ဘယ်နံသောအခါ၊ ဘယ်နံခါဟု ပြောဆိုရေးသားကြသည်။ ဤသို့သိနိုင်ကြောင်းကို-

> "... သည်းအူဆွတ်ပျံ့၊ ရှိရစ်တဲ့လည်း၊ ဘယ်နံ့မတွေ့၊ ဘယ်နေ့မမြင် (ရှင်အဂ္ဂသမာဓိ နေမိမဂ္ဂစိုးပျို့)"
>
> "... ဤလူပေါင်း၏၊ အကြောင်းမှားကျင့်၊ ဆိုလှစ်ဖွင့်ပိတ်၊ ယခင်ရှေးလွန်၊ တမန္တန်က၊ ဖြစ်ဟန်ခြင်းရာ၊ လူ၏ရွာတွင် (ရှင်အဂ္ဂသမာဓိ-နေမိငရဲခန်းပျို့)"
>
> "... ဤလူတွင်သောချံသာ၊ တမုန္တန်ချံသာ ကိုဝ်လိုဝ်သောသူကာ။"
>
> "... အမုန္တန် စကားကိုဝ် ဖတ်စိတ်၏။..."
>
> "... ဤကား မင်တကာ အမုန္တန်ဟုတ္တာ" (ပုဂံမြို့- သက္ကရာဇ် ၆၁၁ ထိုး ကျစွာမင်း အမိန့်တော်ပြန်တမ်းကျောက်စာ) ပါစာပေများအရ သိရပေသည်။

ထိုအချိန်အခါ အဓိပ္ပာယ်ဆောင်သော **နံ** ဝေါဟာရကို တိဗက်၊ တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအိုစသည့် တိုင်းနိုင်ငံဒေသရှိ လူမျိုးစုတို့၏ ဝေါဟာရဖြစ်သော... နာမ်(တိဗက်) နင်-နိုအေန်(တရုတ်) နာမ်(ဂျိန်းဖော) န-နန်-နိုင်(ကချင်) နီ(ရှမ်း) နီး(ကရင်) ဆနမ်(ပလောင်) နိ(လီဆူး) ဘာသာစကားများတွင်လည်း အချိန်အခါ ရာသီနှစ်ကာလများကို ဤနည်းနှင်နှင် **နာမ်၊ နံ၊ န** ဟု ပြောဆိုသည်ကို တွေ့ရလေသည်။ နယုန်တွင်သုံးသော **န** ဖြစ်လေသည်။

**ယုန်** ဝေါဟာရသည်လည်း ယိုစီး၊ သက်၊ ဆင်း၊ ကျ၊ ကြွေ၊ ပြို၊ လဲ၊ ရွာ၊ သွန်း၊ လောင်း၊ ဖြန်း၊ ပက် ဆိုသည့် အနက်အဓိပ္ပာယ်ကို ဆောင်ကြောင်း- ရှဒ်(တိဗက်) ယုက်-ယှာက်(ထိုင်း) ယုန်-ယု (တရုတ်) ဖော-ရှန်(မွန်ဂို) ယုန် ယု ရ ရှန် ရှမ် ရင်ရော(ကချင်) ရွာ-ရွာ-ရှင်-(ပေါင်းရှေ့ချင်း) ရှီ-ရှူ(နာဂ) ဟာဟိုစ်(ရှမ်း) သရိုဟ်(မွန်) ရှူ-ရ (ကရင်) စသည့် တိုင်းပြည် နိုင်ငံလူမျိုးစုတို့၏ ဘာသာစကားဆင့်ပွားပြောင်းလဲမှုကို သုတေသနပြု၍ ဖော်ပြပါလူမျိုးစုတို့၏ ယု-ရ ဟူသော ဝေါဟာရများမှ ယိုစီးခြင်း၊ ရွာသွန်းခြင်း၊ ကြွေကျခြင်း အဓိပ္ပာယ်ဆောင်သော **ယုန်** ဖြစ်လာသည်ဟု ဆရာကြီးဦးဖိုးလတ်က ဆိုမိန့်ထားလေသည်။ ထို့ကြောင့် နယုန်လကို မိုးရွာချိန်၊ မိုးကျချိန်၊ မိုးရွာသောလဟု အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

**စာပြန်ပွဲ**

နွေအကုန် မိုးအကူး ဝသန်ကာလ မိုးသားကျူးစ အခါသမယတွင် "ရွှေစာတော်ပြန်မေးလို့ မြတ်လေးတဲ့ စံပယ်ငုံ၊ မေထုန်ဆိုရာသီကူး၊ ဖူးပွင့်ဝတ်မှုန်..." ဆိုသည့်အတိုင်း မေထုန်ရာသီတွင် ကျရောက်သော နယုန်လနှင့် စာတော်ပြန်ပွဲသည် တွဲလျက်ရှိပေသည်။

စာမေးသဘင်သည် မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့်အတူ ပုဂံခေတ်ကပင် ရှိခဲ့ရာ၏။ သို့သော် စာပေအထောက်အထားအရ စာပြန်ပွဲ စာမေးပွဲဟူသော ဝေါဟာရကို မတွေ့ရပေ။ ပုဂံခေတ်တွင် ထင်ရှားခဲ့သော ဦးကျီပွေ့ကို စာမေးသည့် ကန်ဟူသော ပြောစမှတ်ပြုခဲ့သည့်နေရာကား ယခုတိုင်တွေ့နေရပါ၏။ သို့သော် ပုဂံသုတေသီများ ရှေးဟောင်းသုတေသနပညာရှင်များ အတည်မပြုသောနေရာဖြစ်ပေသည်။

ပုဂံခေတ်ထိုးကျောက်စာများတွင် ပိဋကသုံးပုံအလှူ၊ ကျောင်းအလှူ၊ မြေအလှူ၊ ကျွန်အလှူ စသည်များကို များစွာပင်တွေ့ရသော်လည်း စာမေးသဘင်ကိုမူ မတွေ့ရပေ။ စာသင်သည်ဆိုသည်နှင့် အမေးအဖြေသည် ရှိမြဲပင်ဖြစ်၏။ ဤသည်ကို သုတေသီများက သမိုင်းမှတ်တမ်းအရ ရှာဖွေရာ ပုဂံခေတ် ပထမအင်းဝခေတ်အထိ အထောက်အထား မတွေ့ရပေ။ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားလက်ထက်မှသာ စတင်ခဲ့သည်ဟုဆိုလေသည်။ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီရောက်မင်း မင်းသုံးဆက် အမှုတော်ထမ်းခဲ့သော သီရိဥဇနာခေါ် အင်ရုံဝန်ကြီး ရေးသားခဲ့သော လောကဗျူဟာကျမ်းတွင် (ကျော်အောင်စံနန်း) နန်းတော်ကိုသိမ်း၍ အင်းဝမြို့တော်မှာ ကျောင်းဆောက်ပြီးလျှင် ပုခန်းကြီးမြို့ ကျေးပိုက်သင် (ပထမကျော်) ရှင်ညာဏဝရကိုတင်လှူ၍ ကျော်အောင်စံထား ဟုတွင်၏။... ဟုငှင်း။ ဘိုးတော်ဘုရားမေးသဖြင့် မောင်းထောင်သာသနာပိုင် ဆရာတော် ဖြေကြားတော်မူသော "အမေးတော် ဖြေကျမ်း" လာ ပထမရှင်လောင်း၊ ပဥ္စင်းလောင်းများကို ရှေးမင်းများလက်ထက် စာပြန်သည့်နည်း ပြန်စေသော် သင့်မသင့်ဟု မေးလျှောက်ချက်သည်ငှင်း၊ ရှေးယခင် မင်းစဉ်မင်းဆက် စာပြန်ပွဲဆိုင်ရာမှတ်တမ်းများ မရှိခဲ့သော်လည်း (မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းပါ ပထမပြန်စာပြန်ပွဲ ဥပဒေထုတ်ပြန်ချက်များကဲ့သို့...) စာတော်ပြန်ပွဲများ အစဉ်အဆက်ရှိခဲ့သည်ကို သိနိုင်ရာ၏။

စာတော်ပြန်ပွဲကို ဘုရင့်သုဓမ္မာဇရပ်ကြီးများတွင် ကျင်းပကြောင်းကို "ရွှေသား ချယ်လှယ်၊ ဆန်းကြယ်အရောင်၊ တောက်လောင် ဝင်းဝါ၊ သုဓမ္မာဝယ်..." ဟု စာဆိုဦးယာ ဖွဲ့ဆိုသော လူတားစာအရ သိရပေသည်။

ကုန်းဘောင်ခေတ်နောက်ပိုင်း ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်နှင့် သားတော်သီပေါမင်းလက်ထက် စာတော်ပြန်ပွဲများမှာမူ အလွန်စည်ကားသိုက်မြိုက်ပြီး မင်းခန်းမင်းနားဝင် ဖြစ်လာသည်ကို မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းအရရော၊ ကုန်းဘောင်ဆက် ရာဇဝင်များအရပါ သိရပေသည်။

ရှေးယခင်က စာပြန်ပွဲအနေနဲ့သာရှိခဲ့ပြီး နောင်တွင် သဘောရေးဖြေပါ ပါဝင်လာပေသည်။ ပထမကျော်ဖြေဆိုရာ အမှတ်ပေးအရ အာဂုံပြန်လည်းတူ အဖြေတွင်လည်းတူနေ၍ လက်ရေးလက်သားနှင့် မျဉ်းသားသည်ကို အမှတ်ဖြတ်၍ ပထမကျော်ပေးခဲ့သည့် သာဓကမျိုးလည်း ရှိခဲ့ပေသည်။

> ❂ ကုန်းဘောင်ခေတ်နောက်ပိုင်း ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်နှင့် သားတော် သီပေါမင်းလက်ထက် စာတော်ပြန်ပွဲများမှာမူ အလွန်စည်ကားသိုက်မြိုက်ပြီး မင်းခန်းမင်းနားဝင် ဖြစ်လာသည်ကို မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းအရရော၊ ကုန်းဘောင်ဆက်ရာဇဝင်များ အရပါသိရ
>
> ❂ ရှေးယခင်က စာပြန်ပွဲအနေနဲ့သာရှိခဲ့ပြီး နောင်တွင် သဘောရေးဖြေပါ ပါဝင်လာပေသည်။ ပထမကျော် ဖြေဆိုရာ အမှတ်ပေးအရ အာဂုံပြန်လည်းတူ အဖြေတွင်လည်းတူနေ၍ လက်ရေး လက်သားနှင့် မျဉ်းသားသည်ကို အမှတ်ဖြတ်၍ ပထမကျော်ပေးခဲ့သည့် သာဓကမျိုးလည်းရှိခဲ့

ဤ၌ စာပြန်ပွဲ၊ ပထမပြန်ပွဲ၊ ပါဠိပဌမပြန် စာမေးပွဲဆိုသည်ကို ခွဲခြားသိဖို့ရာ လိုပေသည်။ ရှေးအစဉ်အလာအရ နယုန်လ စာပြန်ပွဲဆိုသည်ကို စာအလင်္ကာများအရ သိရပါ၏။

အင်ရုံစာတမ်းအရ ပဌမပဉ္စင်းလောင်း၊ ဒုတိယပဉ္စင်းလောင်း စသည်ဖြင့် အဆင့် (၄) ဆင့်၊ အတန်း (၄) တန်းရှိလေသည်။ သမဏသာရုပ်ကျ (ဝိနည်းတော်နှင့်အညီ ပြောဆိုမှု)၍ စာပေအနေဖြင့်လည်း မေးတိုင်းဖြေဆိုနိုင်သော သာမဏေကို ပထမပဉ္စင်းလောင်းတော်၊ ထို့နောက် ဉာဏ်ပညာအရည်အသွေးကို ထောက်လျက် ဒုတိယ၊ တတိယ၊ စတုတ္ထ လေးခုခွဲ၍ ရဟန်းဘောင်သို့ တက်ရောက်ကြရလေသည်။ ထိုကိုအကြောင်းပြု၍ ပထမစာတော်ပြန်ဟု ခေါ်ကြောင်း မှတ်သားရပေသည်။

ဤသဘောမျိုးကိုပင် ပင်းယရွှေစည်းခုံဆရာတော် သဒ္ဓမ္မာလင်္ကာရ စီရင်တော်မူသော သက္ကဒါန် သိကြားစာတမ်း၊ နန္ဒယော်ဓာဝန်ကြီးခန့်ပြန်တမ်းတို့တွင်လည်း မှတ်တမ်းပြုထားပေသည်။

> ဟံသာဝတီရောက်မင်းကြီးလက်ထက်(၁၀၈၆) ပထမကျော်ရတော်မူသော ပထမကျော်အောင်စံထားဆရာတော် ပြုစုတော်မူသည့် အဋ္ဌသာလိနီ ဂဏ္ဌိကျမ်း နိဂုံးပိုဒ်တွင်- "အညေသံ = တစ်ပါးသောသူတို့၏၊ ပထမတာဝ=ရှေးဦးစွာ။ ဥပ္ပန္နဥပသမ္ပဒါ=ရအပ်သော ပဉ္စင်းအဖြစ် ရှိလေသတည်း။ ဣတိတသ္မာ=ထို့ကြောင့်။ ပထမေ=ပထမမည်၏။"

ဟု မိန့်ဆိုထားလေသည်။ သမိုင်းစဉ်အရမူ ဘိုးတော်ဘုရားလက်ထက်မှ ပုဂံမင်းလက်ထက်တိုင် ပြဋ္ဌာန်းကျမ်းများနှင့် ဖြေဆိုနည်းများသည် များစွာကွဲလွဲမှုမရှိဟု ဆိုရာ၏။

ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၃၅ နှစ် နောက်ပိုင်းတွင် ပထမစာတော်ပြန်ဥပဒေသများကို ပြင်ဆင်ဖွဲ့စည်းပြီး ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို ဖွဲ့စည်းခဲ့လေသည်။

နောင်သော် ပထမကျော်ဘွဲ့ကိုမူ ပထမကြီးတန်းတွင် အမှတ်အများဆုံးဖြင့် အောင်မြင်တော်မူသောပုဂ္ဂိုလ်ကို ပေးအပ်လေသည်။ မဟာရာဇဝင်ကြီးတတိယတွဲတွင် ထိုအကြောင်းအရာများကို သိနိုင်ပါ၏။

ဖော်ပြပါအကြောင်းအရာသည် စာပြန်ပွဲမတိုင်မီ (တကယ့်ပွဲကြီးမတိုင်မီ) ပြဋ္ဌာန်းချက် ကျမ်းစာများကို ပထမပြန်ဆိုရပြီးနောက်ပိုင်း ပ၊ ဒု ခွဲခြားကာ ဝင်ရောက်ရ၍ ပထမပြန်ဟု ခေါ်ကြောင်းလည်း ယူဆကြ၏။ ဒုတိယပြန်ဟု ခေါ်ကြောင်းလည်း ယူဆကြ၏။ ဒုတိယ အယူမှာမူ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး(တတွဲ) မြန်မာ့မင်းအုပ်ချုပ်ပုံစာတမ်းများအရ စာပြန်ပွဲဝင်မည့် ရဟန်းလောင်း၊ ရှင်လောင်းများသည် သတ်မှတ်အရည်အချင်းပြည့်စုံပြီဆိုပါက ဘုရင့်ရှေ့တော်မှောက်သို့ မင်းညီမင်းသားဝတ်စုံများဖြင့် ဝင်ရောက်ခစားကြရ၏။ (အားလုံး ရှင်လိင်ပြန်ရသည်)

ဘုရင့်ရှေ့တော်မှောက် ခစားရသောအခါတော်၊ ဒူး၊ စနည်း၊ ဘဝေါ၊ လကျ်ာမင်းခန်းတော် လက်ဝဲမင်းခန်းတော် စသည့် (Protocol) ဖြင့်သာ ခစားကြရ၏။ "တော်" ဆိုသည်မှာ မြန်မာ့နန်းတွင်းရေး သမိုင်းရာဇဝင်တွင် ထင်ရှားခဲ့ကြသော တွင်သင်းမင်းကြီး ဦးထွန်းညို၊ ပခန်းမင်းကြီး ဦးရန်ဝေး၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောအတွင်းဝန် ဦးဖိုးလှိုင် စသည့် ပုဂ္ဂိုလ်များကဲ့သို့ သင့်တော်သည့်နေရာများတွင် အခြေအနေအရ နေထိုင်ခစားကြသည်မျိုးကို ဆိုပေသည်။

"ဒူး"ဆိုသည်မှာ သတ်မှတ်နေရာတွင် ဒူးတုတ်ခစားရကြောင်းကို ဆိုလိုပေသည်။ ထိုကဲ့သို့ပင် မင်းညီမင်းသားများ ခစားကြရသော ပထမနေရာတော်ဆိုသည်လည်း ရှိပေသည်။ ထိုနေရာတွင် ရှင်လိင်ပြန်ပြီး လူပုဂ္ဂိုလ်တို့သည် မင်းညီမင်းသားဝတ်စုံဖြင့် ဘုရင်အား ခစားကြရ၏။ ဘုရင်က အားပေးချီးမြှောက်၏။ ထိုကဲ့သို့ ခစားသောအခါ မင်းညီမင်းသားဝတ်ရုံ၊ ဖောင်း၊ နတောင်း၊ ခေါင်းပေါင်းဖြူဖော့လုံး၊ မင်းခန်းတော်ဆိုင်ရာ အသုံးအဆောင်များပါ ပါဝင်ရ၏။ မှတ်တမ်းပြုထားချက်များ ရှိပေသည်။

ထို့ကြောင့် ပဌမနေရာတော်ကို အကြောင်းပြု၍ "ပဌမ" ပြန်စာမေးပွဲဟု ခေါ်ကြောင်းလည်း ပြောစမှတ်ပြုကြပါ၏။ ထိုစာပြန်ပွဲတော်သည် သီပေါမင်းပါတော်မူပြီး (၂၉-၁၁-၁၈၈၅)ကိုးနှစ်ကျော် ၁၀ နှစ်မျှ စာမေးသဘင်မရှိဘဲ ဖြစ်နေလေတော့သည်။

စာမျက်နှာ ၉ သို့ ❂

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ကမ်းပါးတိုက်စားမှုအခြေအနေ အမြန်ဆုံးကာကွယ်နိုင်ရေးနှင့် မဒိန်ဇကေ ၁၀၀ စံပြစိုက်ကွင်းအတွင်း မိုးစပါးစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇွန် ၂၂

ကချင်ပြည်နယ်၌ မေလနှင့် ဇွန်လပထမပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ဧရာဝတီမြစ်ရေ ကြီးမြင့်ခဲ့မှုကြောင့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်းရှိ ဟိုးလော်ကျေးရွာနှင့် ရဝမ်ကထောင်ကျေးရွာတို့ရှိ မြစ်ကမ်းပါး အနည်းငယ်ထပ်မံရေတိုက်စားသွားသဖြင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့မွန်းလွဲ ၃ နာရီက တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဟိုးလော်ကျေးရွာနှင့် ရဝမ်ကထောင်ကျေးရွာတို့တွင် ၂၀၂၄ ခုနှစ် မြစ်ရေကြီးမြင့်မှုကြောင့် ကမ်းပါးရေတိုက်စားခဲ့ပြီး လူနေအိမ်လေးလုံးနှင့် စေတီတစ်ဆူ ပြိုကျပျက်စီးခဲ့သဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ထားခဲ့ရာ ယခုနှစ် မေလကုန်ပိုင်းနှင့် ဇွန်လပထမပတ်အတွင်းက မြစ်ရေကြီးမြင့်မှုကြောင့် ကမ်းပါးအနည်းငယ်ထပ်မံတိုက်စားခံရမှု အခြေအနေများကို လှည့်လည်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ကျောက်စီရေထိန်းတမံတည်ဆောက်နိုင်ရေး ဘဏ္ဍာငွေလျာထားပြီးဖြစ်သော်လည်း ပွင့်လင်းရာသီမှသာ လုပ်ထုံးလုပ်နည်းနှင့်အညီ တည်ဆောက်ရမည်ဖြစ်သဖြင့် ယခုနှစ်မိုးရာသီတွင် ရေထပ်မံကြီးမြင့်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကမ်းခြေတစ်လျှောက် ဝါးဂရစ်ရေထိန်းနံရံ အမြန်ဆုံးတည်ဆောက်၍ ကာကွယ်ထားနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စုအတွင်းရှိ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် မဒိန်ဇကေ ၁၀၀ စံပြစိုက်ကွင်းသို့ သွားရောက်၍ ကွင်းတာဝန်ခံနှင့် တောင်သူများနှင့်တွေ့ဆုံကာ နယ်မြေအခြေအနေအရ မိုးစပါးကြဲပက်စိုက်ပျိုးထားရှိမှုအပေါ် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး ကွင်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဗလမင်းထင်တံတားပေါ်မှတစ်ဆင့် မြစ်ကြီးနားနှင့် ဝိုင်းမော်ဘက်ကမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မြစ်ရေအနည်းငယ်မြင့်တက်မှုအခြေအနေများနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်ထားရမည့်အစီအမံများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

✪ စာမျက်နှာ ၈ မှ

ထိုအခါ အမျိုးသားရေးဦးဆောင်သူများက (Conservative)စာပြန်ပွဲ စာမေးပွဲသဘင်ကို တမ်းတလွမ်းမိကြောင်းကို ရေးဖွဲ့သီဆိုလာကြ၏။ ထိုအထဲတွင် ၁၂ လရာသီစည်တော်သံနှင့်တွဲ၍-

လမေထုန်နယုန်ကျလို့၊ သာသနာ့ဒါယကာ
လွမ်းမိဖြာဖြာ၊ ခုနှယ်ခါသုဓမ္မာရွှေစာပွဲနှင့်
လွဲပြီဗျလေး ...
ချိန်ရာသီကရကင်္ဃမို့ နှစ်ပါးနတ် တစ်ကျွန်းပါ
လွမ်းမိခါခါ၊ ရိုက်ချိုးငယ်ညာ၊ ပဉ္စင်းတော်ချိန်ခါ
နှင့်၊ နန်းနှစ်ဖြာနယ်မြေဝေးလို့၊ လွဲရှာပေ့ါလေး...

စသည်ဖြင့် နှိုးဆော်လာကြရာ ဗြိတိသျှအစိုးရက စာမေးပွဲကျင်းပရန် စိုင်းပြင်းလာရလေသည်။ ထိုစဉ်က မြန်မာနိုင်ငံပညာရေးကို ဗြိတိသျှအစိုးရမှ ဦးဆောင်သူမှာ လော့ဒ်မက်ကောလေးဆိုသူဖြစ်၏။ သူ၏မူဝါဒအရ အုပ်ချုပ်ရေးနှင့် ကြေးတိုင်နှင့် မြေစာရင်းကို အထူးဦးစားပေးလေ၏။ ထို့နောက် ၁၈၈၉ ခုနှစ်နောက်ပိုင်းတွင် မစ္စတာ ဂျန်ဗင်ဆိုဖရန်ပုပ် (MA)က ဦးဆောင်၏။ ထိုပုဂ္ဂိုလ်သည် တောင်ခွင်ရှင်သာသနာပိုင်၊ ပခန်းဆရာတော်၊ လှထွေးဆရာတော်၊ ကင်းဝန်မင်းကြီး စသည့် ဘုရင်ခေတ်ကို မီလိုက်သော ပုဂ္ဂိုလ်များနှင့်တိုင်ပင်၍ စာပြန်ပွဲစနစ်ဟောင်းကို ပြုပြင်ပြောင်းလဲခဲ့လေသည်။ မစ္စတာပုပ်မှာ မြန်မာနိုင်ငံပညာရေးတာဝန်မယူမီ အိန္ဒိယပြည် ဘင်္ဂလားပြည်နယ်တွင် တိမ်ကောပပျောက်နေသော သက္ကတဘာသာကို ပြန်လည်ထွန်းကားအောင်မြင်အောင် နည်းစနစ်သစ်များဖြင့် ပြောင်းလဲတီထွင်ရာ၌ အောင်မြင်မှုရခဲ့သူတစ်ဦးဖြစ်ခဲ့ပါသည်။

သက္ကရာဇ် ၁၂၅၆ ခုနှစ်(၁၈၉၃-ဒီဇင်ဘာ)တွင် မြန်မာဘုရင်များလက်ထက်တော်ကကဲ့သို့ပထမပြန် စာမေးပွဲများ ကျင်းပရန် အမိန့်ရလေသည်။ ထိုအမိန့်အရ ၁၂၅၇ ခုနှစ် နယုန်လဆန်း ၈ ရက် (၁-၆-၁၈၉၅) တွင် ပထမပြန်စာမေးပွဲကို ပထမဦးစွာကျင်းပပေးခဲ့လေသည်။ ရပ်တန့်နေသော စာမေးပွဲသဘင်ကို ပုံသဏ္ဌာန်သစ်ဖြင့် ရဟန်းသာမဏေများ သာမက လူဝတ်ကြောင်များကိုပါ ဖြေဆိုခဲ့စေသည်။ အာဂုံပြန်မပါဘဲ ပါဠိဘာသာထွန်းကားရေးကို ဦးတည်မှုကြောင့် "ပါဠိပထမပြန်"စာမေးပွဲဟု အမည်တွင်ခြင်းလည်းရှိပေသည်။ ရှေးအစဉ်အလာ ရဟန်းသာမဏေများသာ ဖြေဆိုခဲ့ကြသော်လည်း မစ္စတာတော်စိန်ခို၏အကြံပေးချက်အရ ၁၂၆၃ ခုနှစ် (၁၉၀၁ ခုနှစ်)မှစ၍ သီလရှင်များကို ပါဝင်ခွင့်ပြုခဲ့လေသည်။

ထိုသို့ ကျင်းပသည့်အချိန်အခါတွင် အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သူ လူပုဂ္ဂိုလ်နှင့် ရဟန်းတော်အချို့က ဗြိတိသျှအစိုးရက ပါဠိပထမပြန်စာမေးပွဲကို နှစ်စဉ်ကျင်းပနေစဉ် ဤစာမေးပွဲကိုမဖြေဆိုကြဘဲ အမျိုးသားစာမေးပွဲများကိုစီစဉ်၍ မြန်မာပြည်အနှံ့ ကျင်းပဖြေဆိုလာကြပေသည်။

ထိုစာမေးပွဲများအနက် နောင်သော် နှစ်ရာကျော်ရာပြည့်တည်ရှိလာသော စာမေးပွဲကြီးများ ဖြစ်ပေါ်လာပေသည်။ မန္တလေးပရိယတ္တိသာသနဟိတအသင်း (ချမ်းအေးသာစံမြို့နယ်၊ ၈၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားတည်ရှိ)၊ ရန်ကုန်တွင် စေတီယင်္ဂဏအသင်း။ (ရွှေတိဂုံစေတီတော်အပေါ်တွင်တည်ရှိ)

> **နယုန်လတိုင်း ရှေးအစဉ် စာပြန်ပွဲ၊ စာမေးပွဲများကို ကျင်းပလာခဲ့ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာဖြေလကိုပြောင်းလဲခဲ့လေသည်။ တစ်နွေစာဝါများလိုက်၊ စာသင်ပြီး နယုန်လစာပြန်ပွဲပြီးသည်နှင့် ဝါဆိုရောက်သွားသောအခါ နားချိန်မရှိခြင်း၊ နွေရာသီစာပေသင်ကြားရမှု ရာသီသဘောကိုင်ခြင်း၊ နိုင်ငံတော်အစိုးရကျောင်းများပိတ်ထားချိန်ဖြစ်၍ စာဖြေဌာနလွယ်ကူခြင်း၊ တောင်သူလယ်သမားများ အလုပ်ခွင်နားချိန်ကာလဖြစ်ခြင်း၊ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စဆောင်ရွက်ရေးကို အဆင်ပြေခြင်း စသည် စသည် အကြောင်းကြောင်းတို့ကြောင့် တပေါင်းလတွင် ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ၁-၄-၁၉၅၄ ခုနှစ်တွင် ပါဠိပဋ္ဌမပြန်ဥပဒေပြဋ္ဌာန်းခဲ့**

မန္တလေးစာမေးပွဲကို ထိုစဉ်က သကျသီဟဘုရားကြီးပရိဝုဏ်အတွင်း ကျင်းပခဲ့၍ သကျသီဟစာမေးပွဲဟု ပရိယတ္တိစာပေလောကတွင် ထင်ရှားပေသည်။ ထိုစာမေးပွဲများအောင်သောအခါ...အဘိဝံသဆိုသည့် ဘွဲ့ကိုရရှိပေသည်။ တိပိဋကမင်းကွန်းဆရာတော်ကြီး၊ ဗန်းမော်ဆရာတော်ကြီး၊ ယောဆရာတော်ကြီး၊ ပါချုပ်ဆရာတော်ကြီး၊ အင်းစိန်ရွာမဆရာတော်၊ လှုရတနာဆရာတော်၊ ယခုနိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် စသည့်ထေရ်ကြီးများမှာ ထိုအမျိုးသားစာမေးပွဲများကို အောင်မြင်တော်မူခဲ့ကြ၍ ဘိဝံသ... "သ.စ.အ"ဟု ချီးမြှင့်တပ်ခွင့် ရရှိကြလေသည်။ (သကျသီဟစာမေးပွဲအောင်လျှင် "သ"၊စေတီယင်္ဂဏစာမေးပွဲအောင်လျှင်၊ "စ"၊ အစိုးရဓမ္မာစရိယအောင်လျှင် "အ"ဟု အတိုကောက်သုံးပါကြောင်း)

ဤသို့နှင့် နယုန်လတိုင်း ရှေးအစဉ် စာပြန်ပွဲ၊ စာမေးပွဲများကို ကျင်းပလာခဲ့ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာဖြေလကိုပြောင်းလဲခဲ့လေသည်။ တစ်နွေစာဝါများလိုက်၊ စာသင်ပြီး နယုန်လစာပြန်ပွဲပြီးသည်နှင့် ဝါဆိုရောက်သွားသောအခါ နားချိန်မရှိခြင်း၊ နွေရာသီစာပေသင်ကြားရမှု ရာသီသဘောကိုင်ခြင်း၊ နိုင်ငံတော်အစိုးရကျောင်းများ ပိတ်ထားချိန်ဖြစ်၍ စာဖြေဌာနလွယ်ကူခြင်း၊ တောင်သူလယ်သမားများ အလုပ်ခွင်နားချိန်ကာလဖြစ်ခြင်း၊ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ ဆောင်ရွက်ရေးကိုအဆင်ပြေခြင်း စသည် စသည် အကြောင်းကြောင်းတို့ကြောင့် တပေါင်းလတွင် ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ၁-၄-၁၉၅၄ ခုနှစ်တွင် ပါဠိပဋ္ဌမပြန်ဥပဒေပြဋ္ဌာန်းခဲ့လေသည်။

နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့ (ငြိမ်းချမ်းရေးအခါတော်နေ့)ဟု သတ်မှတ်ခဲ့ကြပေသည်။ ကပိလနှင့်ကောလိယ နှစ်ပြည်ထောင်တို့ ရောဟဏီမြစ်ခွဲဝေမှုကိုအကြောင်းပြု၍ စစ်မက်ဖြစ်ပွားအံ့သောဆဲဆဲတွင် ဗုဒ္ဓဘုရားရှင် ကြွရောက်ဖြန်ဖြေ တရားဟောတော်မူရာ၌ ပြေငြိမ်းသွားလေသည်။

ထိုဟောကြားချက်တွင် ငြိမ်းချမ်းရေးမူ (၆)ချက်ကို ဇာတ်တော်များကိုအခြေခံ၍ ဟောကြားတော်မူလေသည်။

(၁) အရာရာမဟုတ်သည်၌ အငြင်းအခုံမပြုသင့်ကြောင်းကို ဖန္ဒနဇာတ်တော်ဖြင့် ဟောဖော်ရှင်းပြတော်မူပါသည်။
(၂) တစ်ဆင့်စကားဖြင့် အငြင်းအခုံမပြုသင့်ကြောင်းကို "ပထဝီဥန္ဒြိယ" ဇာတ်လမ်းဖြင့် ခပ်ဆန်းဆန်းရှင်းပြတော်မူပါသည်။
(၃) အားရှိသူတိုင်း အားမဲ့သူအား အောင်နိုင်သည်မဟုတ်ကြောင်းကို "လဋုကိက" ဇာတ်ကွက်ဖြင့် မှတ်ချက်ပြတော်မူပါသည်။
(၄) စည်းလုံးမှုမရှိက ပျက်စီးတတ်ကြောင်းကို "ဝဋ္ဋက"ဇာတ်ကြောင်းဖြင့် ထပ်လောင်းရှင်းပြတော်မူပါသည်။
(၅) စည်းလုံးမှုရှိမှသာ ကြီးပွားနိုင်ကြောင်းကို "ရုက္ခဓမ္မ"ဇာတ်သဘောဖြင့် ထပ်ဟောတော်မူပြန်ပါသည်။
(၆) နောက်ဆုံးတွင် မိမိကိုယ်ကို မိမိက ဒုက္ခမပေးသင့်ကြောင်းကို"အတ္တဒဏ္ဍ"သုတ်ဖြင့် ဖုံးအုပ်ငြိမ်းအေးစေတော်မူပါသည်။

ထိုဇာတ်တော်ပါအကြောင်းအရာထဲမှ အချက်အလက်များကို လူသားများ လိုက်နာကျင့်သုံးကြပါက ယနေ့ခေတ် ကမ္ဘာကြီးပြန်ပေးဆွဲခံထားရသလို အဖြစ်မျိုးမှ တစ်နည်းမဟုတ်တစ်နည်း လွတ်မြောက်ရာ၊ ငြိမ်းချမ်းရာ၏။ လူမှုအဖွဲ့အစည်း သေးသေးလေးမှသည် အာဆီယံ၊ နေတိုး၊ ဆီးတိုး၊ ကုလသမဂ္ဂထိပင် ကျင့်သုံး၍ရ၏။

မဟာသမယသုတ်ရွတ်လျှင် နတ်များချစ်ခင်၏ဟုဆို၏။ ထိုသည်ကို တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီးက မဟာသမယသုတ်တွင်ပါသော နတ်ဒေဝတာများ၏ နာမတော်များ (နာမည်များ)ကို ရွတ်ဖတ်ရုံနှင့် ငြိမ်းချမ်းမှုကို မည်သို့မည်ပုံရနိုင်ကြောင်းကို ကိုယ်တိုင်မေး၍ ကိုယ်တိုင်ဖြေကြားထားသော တရားတော်ရှိပေသည်။

ဗုဒ္ဓ၏သုတ္တန်ဒေသနာတော်သည် အသုံးချတတ်သူအတွက် ကောင်းခြင်းကိုပေးစွမ်းပါ၏။ ဆရာတော်ကြီးမိန့်ဆိုချက်မှာ နှစ်ဖက်သောလူများမှာ(နတ်များမှာ) အချို့ မျက်နှာငယ် မထင်မရှားသူများပါ၏။ ထိုသို့သောသူများကို ဘုရားရှင်က ဇာတိ၊ နာမ၊ ဂုဏ စသည့်အမျိုးနာမနှင့်တကွ တရင်းတနှီးခေါ်ဝေါ်ပြောဆိုဆက်ဆံသောအခါ ပီတိများဖြစ်၍ ဘုရားစကား(တရားတော်)အတိုင်း လိုက်နာကျင့်သုံးသဖြင့် ငြိမ်းချမ်းမှုရပုံကို ဟောထားသည့် တရားတော်ရှိပေသည်။

ကမ္ဘာကျော် လူမှုဆက်ဆံရေး မိတ္တဗလဋီကာဆိုင်ရာ ဟောပြောပို့ချသူ ဒေးကာနက်ဂျီနှင့် နပိုလျံဟီးကဲ့သို့သော မိတ္တဗေဒပညာရှင်တို့သည် ၂၀ ရာစုမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ ဗုဒ္ဓ၏မိတ္တဗလ မဟာသမယသုတ္တန်ကား BC ခြောက်ရာစုကပင် ပေါ်ပေါက်ခဲ့သည်ဟု ဆိုရပါမည်။

**ကမ္ဘာကြီး ငြိမ်းချမ်းပါစေသတည်း။** ။

# ကိုဗစ်-၁၉ အိုမီခရွန် ဗီဇမျိုးကွဲသစ်ကို သတိထား၍ စောင့်ကြည့်ခြင်း

“ကျန်းမာရေးဝန်ကြီးဌာနက ၁၁-၅-၂၀၂၅ ရက်နေ့ ည ၈ နာရီမှ ၁၈-၅-၂၀၂၅ ရက်နေ့ ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၆၁ ခုကိုစစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦးတွေ့ရှိ” ဆိုတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ အသိပေးထုတ်ပြန်ချက်ကို မေလ ၁၉ ရက်နေ့ ည ၈ နာရီမှာ ကြားသိလိုက်ရပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး နှစ်နှစ်ကျော်ကာလမှာ ပထမဆုံးပြန်လည်ကြားသိလိုက်ရတဲ့ ကျန်းမာရေးအချက်ပေးခေါင်းလောင်းထိုးသံ ဖြစ်ပါတယ်။

**ကိုရင်မောင်**




## အသိပေးထုတ်ပြန်

နောက်ထပ် မေလ ၂၆ ရက်နေ့ ည ၈ နာရီမှာ “မေ ၁၈ ရက် ည ၈ နာရီမှ မေ ၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၇၅၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ” ဆိုတဲ့သတင်းကို ထပ်မံကြားသိရပြန်ပါတယ်။ နောက်ထပ် ရက်သတ္တတစ်ပတ်ကျော်အကြာမှာ “မေ ၂၅ ရက်မှ ဇွန် ၁ ရက်အထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၇၈ ဦးကို စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ” ဆိုတဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အသိပေးထုတ်ပြန်ချက်သတင်းကို ဆက်လက်ကြားသိရပြန်ပါတယ်။

ဒါ့အပြင် “ဇွန် ၈ ရက် ည ၈ နာရီမှ ဇွန် ၁၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၂၈၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ အတည်ပြုလူနာသစ် ၅၂ ဦးတွေ့ရှိ” ဆိုတဲ့ ဖော်ပြပါသတင်းတွေအရ မေလ ၁၁ ရက်နေ့မှ ဇွန်လ ၈ ရက်နေ့အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် စုစုပေါင်း ၁၀၀ ကျော် တွေ့ရှိခဲ့ပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်လာတယ်လို့ဆိုနိုင်ပေမယ့် လတ်တလောမှာ မြန်မာနိုင်ငံမှာဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါဟာ မျိုးရိုးဗီဇအသစ်နဲ့ ထပ်မံဖြစ်လာတဲ့ စိုးရိမ်စရာမရှိနိုင်ဆိုတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပါတယ်။ ဒီရောဂါမျိုးဆက်သစ်ဟာ ရောဂါကူးစက်ဖြစ်ပွားမှုနဲ့ သေဆုံးမှုမှာ စိုးရိမ်ဖွယ်ရာမရှိပေမယ့် ပတ်ဝန်းကျင်နိုင်ငံတွေမှာ ကူးစက်ဖြစ်ပွားနှုန်းမြင့်မားပြီး သေဆုံးသူရှိတဲ့အတွက် ဂရုစိုက်ဖို့လိုပါတယ်။

## သတိမူလိုက်နာ

လက်ရှိကာလဟာ ရာသီအကူးအပြောင်းကာလဖြစ်လို့ ဒီကာလမှာဖြစ်ပွားတတ်တဲ့ ရာသီတုပ်ကွေးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါစတဲ့ ကူးစက်တတ်တဲ့ ရောဂါတွေ ဖြစ်ပွားနေတဲ့အချိန်မှာ ကိုဗစ်-၁၉ ရောဂါဟာ ပထမရက်သတ္တပတ်မှာ ကူးစက်မှု သုည ဒသမ ၀၄ ရာခိုင်နှုန်း၊ ဒုတိယရက်သတ္တပတ်မှာ သုညဒသမ၂၂ရာခိုင်နှုန်း၊ တတိယရက်သတ္တပတ်မှာ ကူးစက်မှု သုည ဒသမ ၉၆ ရာခိုင်နှုန်း၊ စတုတ္ထရက်သတ္တပတ်မှာ ကူးစက်မှု ၁ ဒသမ ၄၄ ရာခိုင်နှုန်းနဲ့ ရာခိုင်နှုန်းတွေ တဖြည်းဖြည်းတိုးလာတာဟာ စိုးရိမ်စရာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ချက်တွေ၊ ဆောင်ရန်/ရှောင်ရန်အချက်တွေ ထုတ်ပြန်ပေးနေတာကို ပြည်သူတွေအနေနဲ့ သတိမူလိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက မိမိကိုယ်တိုင်၊ မိမိမိသားစု၊ မိမိမိတ်ဆွေအသိုင်းအဝိုင်းတွေကြားမှာ ကိုယ်လက်မအီမသာဖြစ်တာ၊ ကိုက်ခဲတာ၊ ဖျားနာတာ၊ ဝမ်းပျက်ဝမ်းလျှောဖြစ်တာတွေ တစ်ယောက်ပြီးတစ်ယောက် ဖြစ်ခဲ့ကြတဲ့အချိန်မှာ ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်ဗီဇမျိုးကွဲသစ်ရောဂါ ကူးစက်မှုဟာ မြန်မာတို့ရဲ့ပတ်ဝန်းကျင်မှာ ဖြစ်နေပြီဆိုတဲ့သတင်းတွေနဲ့အတူ လတ်တလောကျန်းမာရေးပြဿနာတွေမှာ အိုမီခရွန်လား၊ တုပ်ကွေးလား၊ ဘာလား၊ ညာလာ မဝေခွဲတတ်အောင်ဖြစ်ခဲ့ကြတာ အမှန်ပါ။ ဖြစ်နေတဲ့ရောဂါကို နီးစပ်ရာဆေးခန်းတွေမှာပြသကြတော့ ဆေးခန်းဆရာဝန်က ဖြစ်တဲ့ ရောဂါကို ပျောက်ကင်းအောင်ကုသပေးပြီး အိုမီခရွန်ရောဂါဟာ ပတ်ဝန်းကျင်မှာဖြစ်နေပေမယ့် စိုးရိမ်စရာမရှိပါဘူးလို့ပြောတဲ့အတွက် စိတ်သက်သာရာရကြပါတယ်။

## ကိုဗစ်နဲ့အတူယှဉ်တွဲ

ဒါပေမဲ့လည်း ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းမှာ ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်ဗီဇမျိုးကွဲသစ် ကူးစက်ဖြစ်ပေါ်နေတယ်ဆိုတာကို ကျန်းမာရေးဝန်ကြီးဌာနက တရားဝင် အသိပေးထုတ်ပြန်ထားတာဖြစ်လို့ သတိပြုလိုက်နာ ဆောင်ရွက်ကြရပါမယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ စိုးရိမ်စရာမရှိသည်ဖြစ်စေ၊ ရှိသည်ဖြစ်စေ ကူးစက်မှုမဖြစ်အောင် ကြိုတင်ကာကွယ်ကြရမှာ ဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါဟာ ဘယ်သောအခါမှ ပျောက်ကွယ်သွားဖွယ်မရှိဘဲ ကမ္ဘာ့သူ ကမ္ဘာ့သားတွေအနေနဲ့ HIV ဗိုင်းရပ်စ်နဲ့ ဆက်လက်နေထိုင်နေရသလို ကိုရိုနာဗိုင်းရပ်စ်နဲ့နေထိုင်ဖို့ သင်ယူရတော့မှာဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ၂၀၂၀ ပြည့်နှစ် မေလ ၁၄ ရက်နေ့ သတိပေးစကားကို သတိပြုမိပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှာ သတ်မှတ်ကြေညာခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားတာကို ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှာ ပြန်လည်ရုပ်သိမ်းခဲ့ပေမယ့်လည်း ကမ္ဘာ့အနှံ့မှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဟာ အသွင်ပြောင်းမျိုးရိုးဗီဇကွဲအနေနဲ့ ဆက်လက်တည်ရှိနေဆဲပင်ဖြစ်လို့ ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်ရေး ယဉ်ကျေးမှုကို မိမိတို့အားလုံး တည်ဆောက်ကြရတော့မှာ ဖြစ်ပါတယ်။

## ထပ်မံသေဆုံးသူမရှိ

မြန်မာနိုင်ငံမှာ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှု၊ တာဝန်သိ ကျန်းမာရေးဝန်ထမ်းတွေ၊ နီးနွယ်ဝန်ကြီးဌာနတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ပြည်သူတွေရဲ့ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေကြောင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအပါအဝင် ပြင်းထန်တဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွေကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့တာဟာ သမိုင်းတွင်မှတ်တမ်းတင်ရမယ့် ဖြစ်စဉ်တစ်ခုအဖြစ် မြန်မာနိုင်ငံမှာ ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီလိုထိရောက်စွာ ကာကွယ်ထိန်းချုပ်ဆောင်ရွက်နိုင်တာကြောင့် ၁၃-၅-၂၀၂၃ ရက်နေ့မှာ ကိုဗစ်-၁၉ ရောဂါနဲ့ သေဆုံးသူကို နောက်ဆုံးတွေ့ရှိခဲ့ရပြီး ကိုဗစ်နဲ့ ထပ်မံသေဆုံးသူမရှိတော့တာ နှစ်နှစ်ကျော်ကြာသည့်တိုင် ရှိပြီဖြစ်ပါတယ်။

လတ်တလောမှာ ကမ္ဘာ့မီဒီယာတွေနဲ့ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ကျန်းမာရေးဝန်ကြီးဌာနတွေရဲ့ ထုတ်ပြန်ချက်တွေအရ ထိုင်း၊ စင်ကာပူ၊ တရုတ်(ဟောင်ကောင်)နဲ့ တရုတ်နိုင်ငံ စတဲ့ ဒေသတွင်းနိုင်ငံအချို့မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု

> ‘လက်ရှိကာလဟာ ရာသီအကူးအပြောင်းကာလဖြစ်လို့ ဒီကာလမှာ ဖြစ်ပွားတတ်တဲ့ ရာသီတုပ်ကွေးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါစတဲ့ ကူးစက်တတ်တဲ့ရောဂါတွေ ဖြစ်ပွားနေတဲ့အချိန်မှာ ကိုဗစ်-၁၉ ရောဂါဟာ ပထမရက်သတ္တပတ်မှာ ကူးစက်မှု သုည ဒသမ ၀၄ ရာခိုင်နှုန်း၊ ဒုတိယရက်သတ္တပတ်မှာ သုည ဒသမ ၂၂ ရာခိုင်နှုန်း၊ တတိယရက်သတ္တပတ်မှာ ကူးစက်မှု သုည ဒသမ ၉၆ ရာခိုင်နှုန်း၊ စတုတ္ထရက်သတ္တပတ်မှာ ကူးစက်မှု ၁ ဒသမ ၄၄ ရာခိုင်နှုန်းနဲ့ ရာခိုင်နှုန်းတွေ တဖြည်းဖြည်းတိုးလာတာဟာ စိုးရိမ်စရာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ချက်တွေ၊ ဆောင်ရန်/ရှောင်ရန်အချက်တွေ ထုတ်ပြန်ပေးနေတာကို ပြည်သူတွေအနေနဲ့ သတိမူလိုက်နာဆောင်ရွက်ကြရမှာဖြစ်’

ပြန်လည်မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မေလ ၁၇ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၁၀၆၄၈၁ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း ကြားသိလိုက်ရပါတယ်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အမြင့်မားဆုံးကာလဟာ မေလ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အတွင်းဖြစ်ပြီး ရောဂါဖြစ်ပွားသူလူနာသစ် ၃၃၀၃၀ ရှိပြီး ဆေးရုံတက်သူ ၁၉၁၈ ဦးနဲ့ သေဆုံးသူ နှစ်ဦးရှိကြောင်း သိရပါတယ်။

## ကူးစက်နှုန်းမြင့်မား

ရှေ့ရက်သတ္တပတ်တွေမှာလည်း ရောဂါဖြစ်ပွားသူ လူနာသစ်တွေ၊ ဆေးရုံတက်ရောက်သူတွေနဲ့ သေဆုံးသူတွေရှိကြောင်း သိရပါတယ်။ ရောဂါကူးစက်မှုမြင့်မားရခြင်းအကြောင်းရင်းဟာ ထိုင်းနိုင်ငံမှာ မိုးရာသီကာလစတင်ခြင်း၊ ကျောင်းတွေပြန်လည်ဖွင့်လှစ်ခြင်းနဲ့ သင်္ကြန်ပွဲတော်လို လူစုလူဝေးနဲ့ ခရီးသွားလာတာတွေ များပြားခဲ့တဲ့အကြောင်းတွေကြောင့်လို့ သိရပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်လို့ သင်ခန်းစာယူ သတိပြုရမှာဖြစ်ပါတယ်။ အဓိက ကူးစက်ပျံ့နှံ့တဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးကွဲဟာ ကူးစက်လွယ်အိုမီခရွန်အုပ်စုမှ ဆက်လက်မျိုးရိုးဗီဇပြောင်းလဲလာတဲ့ JN.1 အုပ်စု၊ ထိုမှဆက်၍ မျိုးရိုးဗီဇပြောင်းလာတဲ့ XEC မျိုးကွဲ အများစုဖြစ်ကြောင်း သိရပါတယ်။ ဗန်ကောက်၊ ချွန်ဘူရီနဲ့ ရယောင်း စတဲ့ နေရာတွေမှာ ကူးစက်မှုနှုန်းမြင့်မားပြီး ကလေးတွေမှာ ကူးစက်နှုန်းမြင့်မားတယ်လို့ သိရပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုဟာ မျိုးဟောင်းအနေနဲ့ရော မျိုးသစ်အနေနဲ့ပါ ကမ္ဘာအနှံ့ ခြေဆန့်ခဲ့တာမှာ ယခုအခါ အချိန်ကာလအားဖြင့် ငါးနှစ်နဲ့ သုံးလကျော်ခဲ့ပြီ ဖြစ်ပါတယ်။ အိုမီခရွန်မျိုးကွဲသစ် (XEC) ဟာ ရောဂါပြင်းထန်မှုနည်းပါးသော်လည်း ကူးစက်မှုနှုန်းမြန်ဆန်တဲ့အတွက် သတိထားစောင့်ကြည့် ကာကွယ်ထားဖို့ လိုပါတယ်။ XEC မျိုးကွဲရဲ့ အဓိကလက္ခဏာတွေထဲက တစ်ခုဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာဖြစ်ပါတယ်။ အဆက်မပြတ် ချောင်းဆိုးတာဟာ ကိုဗစ် XEC အမျိုးအစားရဲ့ နောက်ထပ်ထင်ရှားတဲ့ လက္ခဏာဖြစ်ပါတယ်။ လူနာတွေဟာ မကြာခဏ ချမ်းတုန်ခြင်းနဲ့ ချွေးထွက်ခြင်းတို့နဲ့အတူ အဖျားကြီးခြင်းကို ခံစားရနိုင်ပါတယ်။ ခန္ဓာကိုယ်အပူချိန်ကို ပုံမှန်စောင့်ကြည့်ခြင်းဟာ ဗိုင်းရပ်စ်ကို စောစီးစွာ သိရှိနိုင်စေဖို့ ကူညီပေးနိုင်ပါတယ်။

## ဆေးဝါးကုသမှုခံယူ

ကိုဗစ် XEC မျိုးကွဲဟာ အဆုတ်အတွင်း လေအိတ်တွေကို ရောင်ရမ်းစေတဲ့၊ ရောဂါပိုးကူးစက်မှုမြင့်မားတဲ့ အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနဲ့ ဆက်စပ်နေပါတယ်။ လူနာဟာ ချောင်းဆိုးခြင်းလို လက္ခဏာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဖျားရောဂါချမ်းတုန်ခြင်း၊ အသက်ရှူရခက်ခဲခြင်း အဆုတ်ရောင်နာ XEC မျိုးကွဲကြောင့် ဖြစ်ပေါ်လာတဲ့ အထူးသဖြင့် ပြင်းထန်နိုင်ပြီး ဆေးရုံတက်ကုသဖို့နဲ့ အလေးထားတဲ့ကုသမှုတွေ လိုအပ်ပါတယ်။

စာမျက်နှာ ၁၂ သို့ ❐

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါစသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

❒ စာမျက်နှာ ၁၀ မှ

နာမကျန်းမှုရဲ့ ပြင်းထန်တဲ့အဆင့်မှ ပြန်လည်ကောင်းမွန်လာပြီးနောက်မှာ ကိုဗစ် XEC မျိုးကွဲ ကူးစက်ခံထားရတဲ့လူနာတွေဟာ ရေရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ၎င်းတို့မှာ နာတာရှည် ချောင်းဆိုးခြင်း၊ အဆုတ်လုပ်ဆောင်ချက်လျော့ကျခြင်းနဲ့ အသက်ရှူကျပ်ခြင်းတို့ ပါဝင်ပါတယ်။ ဒီလိုဖြစ်လာရင် ဆေးဝါးကုသမှုဆက်လက်ခံယူဖို့ လိုအပ်ပါတယ်။

ကိုဗစ် XEC မျိုးကွဲကူးစက်ခံထားရရင် အသက်အန္တရာယ်မထိခိုက်ပေမယ့် ခံစားရတဲ့ဝေဒနာတွေဟာ မနည်းပါဘူး။ အလုပ်ပျက် အကိုင်ပျက်နဲ့ ဆေးဝါးကုသနေရတဲ့ ရောဂါဝေဒနာရှင်တစ်ယောက်ဖြစ်မှာ သေချာပါတယ်။ ဒါ့ကြောင့် ကိုဗစ်-၁၉ XEC မျိုးကွဲကူးစက်မခံရအောင် ကာကွယ်ကြဖို့လိုပါတယ်။ ကလေးသူငယ်တွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ရောဂါအခံရှိတဲ့ သက်ကြီးပိုင်းတွေအနေနဲ့ ရောဂါကူးစက်ခံရရင် အသက်အန္တရာယ်ဖြစ်နိုင်တဲ့အထိ အခြေအနေဆိုးနိုင်တဲ့အတွက်ကြောင့် နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလာရင် နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံကို သတင်းပို့ဖို့နဲ့ ဆေးကုသမှုခံယူကြဖို့လိုအပ်ပါတယ်။ ပြည်သူတွေအနေနဲ့ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးကို ကာကွယ်နိုင်ဖို့ ကာကွယ်ဆေးထိုးနှံပေးတဲ့အခါမှာလည်း မပျက်မကွက်ထိုးနှံကြဖို့ တိုက်တွန်းအပ်ပါတယ်။ ။




## သထုံမြို့ ဈေးမသွယ်အကျဉ်းထောင်၌ ကျန်းမာရေးစောင့်ရှောက်ဆေးကုသမှု ဆောင်ရွက်

သထုံ ဇွန် ၂၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ကုသရေးဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းကာ ဈေးမသွယ်အကျဉ်းထောင်၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် လိုအပ်သူများအား



အထူးကုဆရာဝန်ကြီးများဖြင့် ကုသပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

သထုံခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ဝင်းဇော်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦးတို့ ဦးဆောင်သည့် အရိုး၊ သွားနှင့်ခံတွင်း၊ ခွဲစိတ်ဆရာဝန်ကြီးများနှင့် အထွေထွေရောဂါကုသမားတော်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့တို့က ဈေးမသွယ်အကျဉ်းထောင်ရှိ အကျဉ်းဦးစီးဌာနဝန်ထမ်းများ၊ အကျဉ်းသားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ လိုအပ်သည့်ဆေးကုသမှုများ လမ်းညွှန်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အဆိုပါကွင်းဆင်းဆေးကုသရာတွင် အထွေထွေရောဂါ ၄၅ ဦး၊ ခွဲစိတ်လူနာ ၁၈ ဦး၊ အရိုးရောဂါ ၁၉ ဦး၊ သွားနှင့်ခံတွင်းရောဂါ ငါးဦး စုစုပေါင်း ၈၇ ဦးတို့အား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## တောင်ငူမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

တောင်ငူ ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ရေတွင်း၊ ရေကန်၊ အိမ်သာများအား ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

### အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင်၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ဝန်ထမ်းများက ချောင်းရေကျဆင်းသွားသည့် ကင်းဆိပ်ကျေးရွာအုပ်စုနှင့် ကန်တော်ပေါက်ကျေးရွာတို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိစေရေး ပိုးလောက်လမ်းသေဆေး (abate) ဆေးခတ်ခြင်းနှင့် ဖုံး၊သွန်၊ လဲ၊ စစ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ခရိုင် (ပြန်/ဆက်)

## ပခုက္ကူမြို့၌ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ စားသုံးပြည်သူများအတွက် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ယုံကြည်စိတ်ချစွာဝယ်ယူစားသုံးနိုင်စေရေးရည်ရွယ်၍ မြို့ပေါ်ရပ်ကွက်များရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝေဠုအောင် ဦးဆောင်သောဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့ကျန်မားရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)တို့မှ ဝန်ထမ်းများ ပူးပေါင်း၍ ပခုက္ကူမြို့ပေါ်ရပ်ကွက်များအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်များနှင့်



လက်ဖက်ရည်ဆိုင်များ၌ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် အခြားစားသောက်ကုန်ပစ္စည်းများ သန့်ရှင်းလတ်ဆတ်မှုရှိ/မရှိ၊ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာ ချက်ပြုတ်ဆောင်ရွက်ထားမှု ရှိ/မရှိ၊ ဆိုင်းအတွင်းရှိ စားပွဲဝိုင်း၊ ခုံများ၊ မီးဖိုနေရာများနှင့် ဆက်စပ်အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းသပ်ရပ်စွာပြင်ဆင်ထားရှိမှု ရှိ/မရှိအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## ပဲခူးခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ အသိပညာပေးဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

ပဲခူး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်



တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြို အသိပညာပေးဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၂ ရက်နံနက်ပိုင်းက ပဲခူးခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပဲခူးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ အမျိုးသားစာပေဆုရှင် စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ပဲခူးမြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၅ ဦးက စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ/ရသ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သက်ဖြိုးကြိုင် (ပြန်/ဆက်)

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

# အီရန်ရှိ နျူကလီးယားစက်ရုံသုံးရုံအား အမေရိကန် တိုက်ခိုက်



ဝါရှင်တန် ဇွန် ၂၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်ရှိ နျူကလီးယားစက်ရုံသုံးရုံအား တိုက်ခိုက်ခဲ့ကြောင်း ယမန်နေ့က ကြေညာသည်။

အီရန်၏ အဓိကနျူကလီးယားစက်ရုံသုံးရုံဖြစ်သည့် ဖော်ဒို၊ နတန်ဇ်နှင့် အစ္စဖာဟန်တို့ကို တိကျစွာ ပစ်ခတ်တိုက်ခိုက်နိုင်ခဲ့ကြောင်း ဒေါ်နယ်ထရမ့်က ရုပ်သံမိန့်ခွန်းတွင် ပြောကြားကြောင်း သိရသည်။

အမေရိကန်၏ အဓိကရည်ရွယ်ချက်မှာ အီရန်၏ နျူကလီးယားစွမ်းရည်ကို ဖျက်ဆီးခြင်းနှင့် နျူကလီးယား ခြိမ်းခြောက်မှုကို ရပ်တန့်ခြင်းပင်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။ အီရန်၏ အဓိက နျူကလီးယားသန့်စင်ရေးစက်ရုံများကို အပြည့်အဝ ချေမှုန်းနိုင်ပြီဖြစ်ကြောင်းနှင့် အီရန်အနေဖြင့် ယခုအချိန်တွင် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အကယ်၍ ငြိမ်းချမ်းရေးဆွေးနွေးမှုဆီသို့ လာရောက်ခြင်းမရှိပါက ယခုထက်ပိုမိုကြီးမားသော တိုက်ခိုက်မှုများကိုပြုလုပ်သွားမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားသည်။

အီရန်နိုင်ငံရှိ ဖော်ဒိုနျူကလီးယားစက်ရုံကို တိုက်ခိုက်ရာတွင် B-2 ဗုံးကြဲလေယာဉ်အသုံးပြုခဲ့ကြောင်း အမေရိကန်အကြီးတန်း ကာကွယ်ရေးဌာန အရာရှိတစ်ဦး၏ ပြောကြားချက်ကိုကိုးကားပြီး သည်နယူးယောက်တိုင်းမ်သတင်းစာက သတင်းဖော်ပြသည်။ B-2 ကိုယ်ပျောက်လေယာဉ်သည် ပေါင် ၃၀၀၀၀ အလေးချိန်ရှိ မြေအောက်ထိုးဖောက် ဝင်ရောက်ဖောက်ခွဲပစ်နိုင်သည့် ဘန်ကာဗုံးများကို သယ်ဆောင်နိုင်သည်။

နောက်ထပ် နျူကလီးယားစက်ရုံနှစ်ခုဖြစ်သည့် နတန်ဇ်နှင့် အစ္စဖာဟန်တို့ကို အမေရိကန်ရေငုပ်သင်္ဘောမှပစ်လွှတ်သော တိုမာဟော့ ဒုံးကျည်အစင်း ၃၀ ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

အီရန်အပေါ်တိုက်ခိုက်မှုများ ဆောင်ရွက်ရာတွင် အစ္စရေးသည် အမေရိကန်နှင့် အပြည့်အဝ ညှိနှိုင်းဆောင်ရွက်နေကြောင်း အစိုးရအရာရှိတစ်ဦး၏ ပြောကြားချက်ကို အစ္စရေးမီဒီယာတစ်ခုက ကိုးကား ဖော်ပြခဲ့သည်။

အီရန်အပေါ် အမေရိကန်၏ အင်အားသုံး၍ တိုက်ခိုက်ခြင်းသည် ကမ္ဘာ့ပြည်သူများ၊ ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးအတွက် လွန်စွာထိတ်လန့်မိပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပဋိပက္ခသည် မထိန်းချုပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိသွားမည်ကို စိုးရိမ်မိပါကြောင်း ၎င်းကဆက်လက်ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




## အီရန်နျူကလီးယားစက်ရုံများအား အမေရိကန်ဗုံးကြဲ တိုက်ခိုက်မှုအပေါ် တရုတ်နိုင်ငံက ပြင်းထန်စွာရှုတ်ချ

ပေကျင်း ဇွန် ၂၂

အီရန်နျူကလီးယားစက်ရုံများအား အမေရိကန်က ဗုံးကြဲတိုက်ခိုက်မှုအပေါ် တရုတ်နိုင်ငံကပြင်းထန်စွာရှုတ်ချကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူလင်ကျန်းက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံ သုံးခုအား အမေရိကန်က တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်သမ္မတထရမ့်က ကြေညာခဲ့ပြီးနောက် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အမေရိကန်က ယခုကဲ့သို့ တိုက်ခိုက်မှုများဆောင်ရွက်ခြင်းဖြင့် ကုလသမဂ္ဂ ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ပြီး အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ မြင့်တက်စေကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပြန်လည်ရရှိစေရေးအတွက် တရားမျှတမှုကို စွဲကိုင်ကာ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့အကြီးဆုံး လေကြောင်းပြပွဲတစ်ခုတွင် တရုတ်ပြည်တွင်းဖြစ် စစ်လေယာဉ်များ ပြသ

ပါရီ ဇွန် ၂၂

ပြင်သစ်နိုင်ငံ၌ ကျင်းပနေသည့် ကမ္ဘာ့အကြီးဆုံး လေကြောင်းပြပွဲတစ်ခုတွင် တရုတ်ပြည်တွင်းဖြစ် စစ်လေယာဉ်များကို ပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေကြောင်းပြပွဲတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့် အခြားအဖွဲ့အစည်းများအပြင် အခြားနိုင်ငံနှင့် နယ်မြေပေါင်း ၄၇ ခုတို့လည်း ပါဝင်ခဲ့သည်။




**နှစ်ဆပိုများ**

ယခုနှစ်တွင် တရုတ်နိုင်ငံမှ အဖွဲ့အစည်းပေါင်း ၇၆ ခု ပါဝင်ပြသလျက်ရှိသည်။ အဆိုပါအရေအတွက်သည် ၂၀၂၃ ခုနှစ်တွင် ပြသခဲ့သည့် အရေအတွက်ထက် နှစ်ဆပိုများကြောင်း သိရသည်။

ပြသထားသည့် လေယာဉ်မော်ဒယ်များထဲတွင် J-10 တိုက်လေယာဉ်နှင့် J-35 တို့သည် နိုင်ငံ၏ နောက်ဆုံးပေါ် ကိုယ်ပျောက်တိုက်လေယာဉ်များဖြစ်သည်။

တရုတ်နိုင်ငံ၏ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသည် ကောင်းမွန်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး အလားအလာရှိသော ပြိုင်ဘက်အဖြစ်သို့ ပြောင်းလဲသွားပြီ ဖြစ်ကြောင်း လေကြောင်း ကုမ္ပဏီတစ်ခုမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

**လှည့်ပတ်ကြည့်ရှု**

ကာကွယ်ရေးစက်မှုလုပ်ငန်းမှ ကိုယ်စားလှယ်များနှင့် နိုင်ငံအများအပြားမှ အခြားကိုယ်စားလှယ်များသည် တရုတ်လေယာဉ်များကို လှည့်ပတ်ကြည့်ရှုကြပြီး တရုတ်တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၎င်းတို့အတွက် ခိုင်မာသောပြိုင်ဘက်ဖြစ်လာကြောင်း ဥရောပလေကြောင်းလုပ်ငန်းမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



## ဂျပန်နိုင်ငံ၌ ရှင်မိုးမီးတောင်ပေါက်ကွဲ

တိုကျို ဇွန် ၂၂

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ကီရီရှီမာ တောင်တန်း၌တည်ရှိသော ရှင်မိုးမီးတောင်သည် ယနေ့ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်မိုးမီးတောင်သည် လွန်ခဲ့သော ခုနစ်နှစ်ခန့်ကလည်း အလားတူပေါက်ကွဲခဲ့သည်။

ဇွန် ၂၂ ရက် မွန်းလွဲ ၄ နာရီ ၃၇ မိနစ်တွင် ပေါက်ကွဲခဲ့ပြီး ကောင်းကင်အထက် မီတာ ၅၀၀ ခန့်အထိ မီးခိုးပြာများ မှုတ်ထုတ်ခဲ့ကြောင်း ကာဂိုရှီးမား မိုးလေဝသဌာနက ပြောကြားသည်။

မီးတောင်မှ မီးခိုးပြာများလွင့်စင်ပျံ့တက်နေပုံကို မှတ်တမ်းဗီဒီယိုများတွင် တွေ့မြင်နိုင်သည်။

ရှင်မိုးမီးတောင်ပေါက်ကွဲမှုဆိုင်ရာ သတိပေးချက်ကို အဆင့် ၃ မှ ၂ သို့ လွန်ခဲ့သောလက တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

မီးတောင်နှင့်အနီးတစ်ဝိုက်သို့ ချော်ရည်များနှင့် ကျောက်တုံးများ ကျရောက်လာနိုင်သည့်အတွက် သတိပြုနေထိုင်ကြရန် ဒေသခံများကို တာဝန်ရှိသူများက သတိပေးပြောကြားသည်။

၂၀၁၈ ခုနှစ်တွင် မီးတောင်မှ ကျောက်တုံးကြီးများနှင့် ချော်ရည်များ လွင့်စင်ကျရောက်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ၂၀၂၅ ခုနှစ် ဇွန်လအတွင်း (၁-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာ ဒိုင် အောက် ဆိုက်</th><th>နိုက်ထရို ဂျင် ဒိုင် အောက်ဆိုက်</th><th>အို ဇုန်း</th><th>ကာဗွန် မို နောက် ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ခံနိုင်ရည်နည်းပါးသူများသာထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>မိတ္ထီလာမြို့</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မတ္တရာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများသာထိခိုက်နိုင်</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အမျိုးသားစာပေဆုရှင် ဘဒ္ဒန္တပညာသာရက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်စာစောင်များ လှူဒါန်း



မန္တလေး ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် နန်းဦးတိုက် မဟာဓမ္မပါလ တိုင်းရင်းသား ဗုဒ္ဓသာသနာပြုသင်တန်းကျောင်းတွင် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် မန္တလေးမြို့ နန်းဦးတိုက် မဟာဓမ္မပါလတိုင်းရင်းသား ဗုဒ္ဓသာသနာပြုသင်တန်းကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အမျိုးသားစာပေဆုရှင် ဘဒ္ဒန္တပညာသာရနှင့် မန္တလေးမြို့ မြို့တော်ဝန်နှင့် နေပြည်တော်ကောင်စီဝင်(ငြိမ်း) သီရိပျံချီ ဝဏ္ဏကျော်ထင် ဦးဖုန်းဇော်ဟန်တို့က မြန်မာ့ရေးရိုး ပန်းချီဗုဒ္ဓဝင်စာအုပ်နှင့် ပန်းအလင်္ကာ ဗုဒ္ဓဖြစ်တော်စဉ် သမိုင်းစာအုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ အဆိုပါစာအုပ်များကို မန္တလေးခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်များ၊ ရပ်ကွက်၊ ကျေးရွာ စံပြစာကြည့်တိုက်များကို ဆက်လက်လှူဒါန်း ပေးအပ်သွားမည်ဖြစ်ပြီး စာအုပ်တန်ဖိုး စုစုပေါင်းငွေကျပ် ၆၂၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဟုမ္မလင်းမြို့၌ အမျိုးသမီးရေးရာအဖွဲ့က ဆန်၊ ဆီ၊ ဆေး၊ သီလရှင်ဝတ်စုံနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်း

ဟုမ္မလင်း ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်



အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ဆန်၊ ဆီ၊ ဆေး၊ သီလရှင်ဝတ်စုံနှင့် နဝကမ္မအလှူငွေ လှူဒါန်းခြင်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက နောင်ပကျစ်ရပ်ကွက် ဘုရားငါးဆူဓမ္မဂုဏ်ရည်သီလရှင်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းမှုတွင် ဘုရားငါးဆူဓမ္မဂုဏ်ရည် သီလရှင်ကျောင်းတိုက်မှသီလရှင်များအား စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ဆန်၊ ဆီ၊ ဆေး၊ သီလရှင်ဝတ်စုံနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့ကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၀၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၈၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၀၀ |
| 95 Ron | ၂၈၆၁ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၀၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပခုက္ကူစာပေဆုရစာအုပ်များ ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးသူ ထွန်းလှိုင်(မြိုင်)၏ "မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသ ဝတ္ထုတိုပေါင်းချုပ်" စာအုပ်ကို ရောင်းဈေး ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသ ဝတ္ထုတိုပေါင်းချုပ် စာအုပ်တွင် ဝတ္ထုတို ၁၃ ပုဒ် ပါဝင်သည်။ ကျေးလက်ဒေသကို အခြေပြုသော ဝတ္ထုများဖြစ်သည်။ လယ်သမား၊ ယာသမား၊ ထန်းသမား၊ ကြက်သမားများ၏ဘဝ၊ တောကျောင်းဆရာ ဆရာမများ၏ မေတ္တာစေတနာ၊ တိရစ္ဆာန်ဆေးကုဆရာဝန်တို့၏ ကျွမ်းကျင်ရာ အတတ်ပညာနှင့် ကြိုးပမ်းမှု၊ လူပျိုကြီးတစ်ယောက်၏ ဘဝဇာတ်ကြောင်း၊ အပျိုကြီးများ၏ တိရစ္ဆာန်ချစ်တတ်ပုံနှင့် သံယောဇဉ်တရား စသော ဘဝအဖုံဖုံ၊ ဖြစ်ရပ်အစုံစုံတို့ကို ဇာတ်လမ်းဖွဲ့ရေးသားထားသည်။ ရေးဖွဲ့ရာတွင် အကြောင်းရပ်ပိုင်နိုင်ခြင်း၊ သဘာဝယုတ္တိရှိခြင်း၊ လူ့သဘောမနော ပေါ်လွင်ခြင်း၊ အသေးစိတ် ဖော်ကျူးနိုင်ခြင်းတို့ဖြင့် သုတနှင့် ရသရော၍ စာဖတ်သူ စိတ်ဝင်စားအောင် နှစ်သက်စဖွယ်ရေးဖွဲ့ထားသည်။

## မွှေးမြဂုဏ်ရည် စာပန်းသီ ကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ ရွှေမင်းသား(စစ်ကိုင်း)၏ "မွှေးမြဂုဏ်ရည် စာပန်းသီကဗျာများ" စာအုပ်ကိုရောင်းဈေး ကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စိတ်ထားမြတ်၊ ကြေးမုံမှ သင်ခန်းစာ၊ လူသားစွမ်းရည်၊ တူသောအကျိုး၊ လောကအလှ သဘာဝ၊ အလှဝေစည်တို့တိုင်းပြည်၊ ကြေးစည်သံ၊ မြန်မာ့စိတ်ထား (၂)၊ ရောဝတီ၊ အရိပ်ပေးသူ စသည့် ကဗျာပုဒ်ပေါင်း ၆၉ ပုဒ် ပါရှိသည်။ ရိုးရာဓလေ့၊ မေတ္တာတရား၊ မိဘကျေးဇူး၊ ယဉ်ကျေးမှု၊ တရားဓမ္မ၊ ဘဝဒဿန စသည်ဖြင့် အကြောင်းအရာများ စုံလင်မျှတစွာ ရေးဖွဲ့သီကုံးထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

## မုသားချိုချိုနှင့် အခြားဝတ္ထုတိုများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ အမေ့သား (နတ်မောက်)၏ "မုသားချိုချိုနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၂ ပုဒ် ပါဝင်သည်။ ကျေးလက်နေ တောသူတောင်သားများ၏ စရိုက်နှင့် ဘဝသရုပ်ကို အဓိကထား ဖော်ကျူးထားသော ဝတ္ထုတိုများဖြစ်သည်။ ထန်းတက်သမားများ၏ ဘဝ၊ ငရုတ်တောင်သူတို့၏ သရုပ်၊ သားသမီး တိုးတက်ကြီးပွားရေးအတွက် ခက်ခက်ခဲခဲ ရုပ်ဝေးပို့ ကျောင်းထားပေးသော တောင်သူမိဘနှစ်ပါး၏ မေတ္တာစေတနာ၊ သားလိမ္မာအချို့၏ မိဘအပေါ် သိတတ်မှု၊ လေဖြတ်လူနာတစ်ဦး၏ ဝေဒနာနှင့် စိတ်ခံစားချက်၊ အိမ်ထောင်ဦးစီးက လွန်လွန်ကျူးကျူး မူးယစ်သောက်စားသဖြင့် မိသားစုတစ်စုလုံး ဘဝပျက်ရပုံ၊ ရိုးသားကြိုးစားသူတို့၏အောင်ပွဲ စသည့် အကြောင်းအရာများဖြင့် ဝတ္ထုကို စုစည်းတင်ဆက်ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈၊ အမှတ်(တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈- ၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ သတင်းစဉ်

# တရုတ်နိုင်ငံတောင်တန်းဒေသမှ ပညာအလင်းရောင်ပေးသူများ

စိုးသူရ

တရုတ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်းရှိ တောင်တန်းဒေသများတွင် ကျောင်းသားလူငယ်များအား ပညာသင်ကြားပေးနေသည့် ကိုယ်ကျိုးစွန့်လွှတ်သူဆရာများလည်း အားကျအတုယူဖွယ်တွေ့ရသည်။ ၎င်း ဆရာများ၏ ပညာသင်ကြားပေးမှုကြောင့် နိုင်ငံအတွက်အားကိုးရသည့် ပညာတတ်အများအပြား မွေးထုတ်ပေးနိုင်သည်ကိုလည်း မျက်မြင်တွေ့ရှိနေရသည်။

တရုတ်နိုင်ငံ ကျိုလင်ပြည်နယ် ကျိုလင်တက္ကသိုလ်မှ ဘွဲ့ရခဲ့သည့် အသက် ၂၂ နှစ်အရွယ်ရှိ ဝမ်မိုသည် ကျိုလင်ပြည်နယ် ရီတောင်မန်ချော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မူလတန်းကျောင်းတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်၍ တာဝန် ထမ်းဆောင်ခဲ့သည်။ ကျောင်းတွင်စတင်တာဝန်ထမ်းဆောင်သည့်အချိန်တွင် အခက်အခဲအနည်းငယ်ရှိခဲ့သော်လည်း တောင်တန်းဒေသရှိ ကျောင်းသားများအား ပညာတတ်ဖြစ်စေလိုသည့် ၎င်း၏ရည်ရွယ်ချက်က အခက်အခဲများကို ကျော်လွှားရန် တွန်းအားတစ်ခုဖြစ်လာခဲ့ကြောင်း ဝမ်မိုကဆိုသည်။ ကျိုလင်ပြည်နယ်အနောက်ပိုင်း ဆီပန်ဒေသရှိ ကျေးလက်ဒေသခံမိသားစုမှ ပေါက်ဖွားလာသည့် ဝမ်မိုသည် ၎င်းနေထိုင်ရာ ရွာတွင် မူလတန်းကျောင်းမရှိသဖြင့် ရွာမှ ကီလိုမီတာ ၅၀ အကွာတွင်ရှိသည့် မူလတန်းကျောင်းသို့ သွားရောက်ပညာသင်ကြားခဲ့ရသည်။

၂၀၁၇ ခုနှစ်တွင် ကောလိပ်ဝင်ခွင့်စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးနောက် ဝမ်မိုသည် ကျိုလင်တက္ကသိုလ်ရှိ မူလတန်းဆရာအတတ်သင်ပညာရေးဌာနသို့ တက်ရောက်ခဲ့သည်။

၎င်း၏ မိဘများက မြို့တွင်အလုပ်လုပ်ကိုင်ရန် တိုက်တွန်းခဲ့သော်လည်း ကျေးလက်နေကလေးများ ပညာသင်ကြားခွင့်ရရှိစေရေး မျှော်မှန်းချက်ထားရှိခဲ့သည့် ငယ်စဉ်ကလေးဘဝ အိပ်မက်ကို အကောင်အထည်ဖော်ရန် ဆရာတစ်ဦးဘဝကိုသာ ခံယူခဲ့သည်။

ဝမ်မိုသည်ဒုတိယတန်းတွင် ဆရာတစ်ဦးအဖြစ် ကျောင်းသားများအား စတင်သင်ကြားခဲ့ပြီး ၎င်းတို့အား တရုတ်ဘာသာ၊ သင်္ချာဘာသာ၊ ကာယပညာနှင့် အိမ်တွင်းစီးပွားရေးဘာသာကို သင်ကြားပေးခဲ့သည်။ ကလေးများ၏ လိုအပ်ချက်နှင့် စွမ်းရည်များကို ချိန်ဆပြီး ပညာသင်ကြားပေးသည်ဟု ၎င်းကပြောကြားသည်။

"ပညာသင်ကြားရာမှာ လိုက်လျောညီထွေဖြစ်စေမယ့် နည်းလမ်းအသစ်တွေကို တီထွင်ခဲ့ရပါတယ်။ ပုံမှန်အားဖြင့် တစ်ပတ်မှာ စာသင်ချိန် ၂၀ ရှိပြီး အားလပ်ချိန်တွေမှာ အတွေ့အကြုံပိုရဖို့အတွက် အခြားဆရာတွေရဲ့အတန်းတွေမှာ သွားရောက်သင်ကြားပေးခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။




အားလပ်ချိန်နှင့် ကျောင်းဆင်းချိန်များတွင် ကျောင်းသားများနှင့် ဘတ်စကက်ဘောကစားခြင်း၊ ဘောလုံးကစားခြင်းနှင့် တခြားလှုပ်ရှားမှုများတွင် မိမိပူးပေါင်းပါဝင်ကြောင်းနှင့် ထိုကဲ့သို့ဆောင်ရွက်ရခြင်းကို ကျေနပ်ကြောင်း ၎င်းက ပြောကြားသည်။

"ကျောင်းသားတွေရဲ့ နေ့စဉ်ဘဝအကြောင်း ရုပ်သံဖိုင်အတိုလေးတွေ အများကြီးရိုက်ထားပါတယ်။ ဒီအမှတ်တရကောင်းတွေကို သိမ်းဆည်းပြီး သူတို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို မှတ်တမ်းတင်ဖို့ မျှော်လင့်ထားကြောင်းနဲ့ ကျောင်းသားတွေ စာကို စိတ်ဝင်စားလာစေဖို့နဲ့ ရလဒ်ကောင်းတွေ ရဖို့အတွက် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်မှာဖြစ်ကြောင်း" ၎င်းက ပြောကြားသည်။

"မိမိရဲ့ စိတ်ကူးအိပ်မက်အတိုင်း အသက်မွေးဝမ်းကျောင်းပြုနိုင်ခဲ့လို့ ဂုဏ်ယူမိသလို ကျေးလက်က ကလေးတွေနဲ့ ဆရာဆရာမတွေရဲ့ဘဝတွေကို လူတွေ သိလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ထို့အတူ အသက် ၂၈ နှစ်အရွယ်ရှိ ချန်းယန်ဇီသည် Shanxi ပြည်နယ် Jincheng ဒေသ မာဝူရွာရှိ မူလတန်းကျောင်းတွင် ကျေးလက်ဒေသရှိ ကျောင်းသားများအား ပညာသင်ကြားပေးနေသူ ဆရာတစ်ဦးဖြစ်သည်။

ကီလိုမီတာ ၁၀၀ အကွာရှိ Jincheng မြို့လယ်ရှိ ၎င်း၏နေအိမ်မှ ကျေးလက်လမ်းများပေါ်တွင် ပထမဆုံးအကြိမ် မာဝူရွာသို့ သုံးနာရီကြာအောင် သွားရောက်ပြီး စာသင်ကြားပေးရခြင်းကို အမှတ်တရပြန်ပြောပြသည်။

မိမိအနေဖြင့် ယင်းရွာသို့ တစ်ခါမျှမရောက်ဖူးသော်လည်း စာသင်ခန်းထဲဝင်ပြီးနောက် ကျောက်သင်ပုန်းတွင် ကျောင်းသားများရေးထားသည့် ကြိုဆိုပါတယ်ဆရာချန်းဟူသည့် တရုတ်စကားလုံးများကို တွေ့လိုက်သည့်အချိန်တွင် နွေးထွေးမှုများခံစားခဲ့ရကြောင်း ၎င်းကပြောကြားသည်။

၎င်းသည် အတန်းမတူသော ကျောင်းသားခြောက်ဦးအား စတင်သင်ကြားခဲ့သည်။ ၎င်းသည် သင်္ချာနှင့် အင်္ဂလိပ်ဘာသာရပ်တို့အပြင် ဂီတ၊ အနုပညာနှင့်ကာယပညာတို့ကို သင်ကြားပေးခဲ့ရာတွင် ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို နားလည်အောင်ကြိုးစားသင်ကြားခဲ့သည်။

ခြောက်တန်း ကျောင်းသားများအတွက် အင်္ဂလိပ်စာသင်ခန်းစာကို စတင်သင်ကြားချိန်တွင် ကျောင်းသားများသည် အင်္ဂလိပ်စာအခြေခံအားနည်းပြီး အင်္ဂလိပ်စကားပြောဆိုခြင်း၌ မသွက်လက်သဖြင့် ဘာသာစကားကို စိတ်ဝင်စားလာစေရန် အင်္ဂလိပ်သီချင်းများနှင့် ဂိမ်းများကဲ့သို့ သောကဏ္ဍများကို ထည့်သွင်းသင်ကြားပေးခဲ့ရာ ကျောင်းသားများ၏ အင်္ဂလိပ်စကားလေ့ကျင့်ခြင်း၊ စကားပြောခြင်း၊ စာဖတ်ခြင်းနှင့် စာရေးခြင်းတို့တွင် တိုးတက်မှုရှိလာခဲ့သည်။ ယခုကဲ့သို့ အနာဂတ်နိုင်ငံ့တာဝန်ကို ထမ်းဆောင်မည့်သူများအား ပညာသင်ကြားပေးနေရသည့်အတွက် ကျေနပ်ခဲ့ကြောင်း ၎င်းက ပြောသည်။

အားလပ်ချိန်များတွင် ချန်းသည် ကလေးများ၏ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် နေ့စဉ် လူနေမှုဘဝဆိုင်ရာ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ၎င်းသည် ကျောင်းသားများအတွက် တရုတ်နိုင်ငံနှင့် ကမ္ဘာကြီး၏အကြောင်းအရာများကို လေ့လာရန် ကူညီပေးခဲ့သည်။

အလားတူ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း Guizhou ပြည်နယ်မှ အသက် ၂၇ နှစ်အရွယ် ဒေါင်လူမျိုးဖြစ်သည့် ယန်ရှန်ဇူးသည် Gaonang မြို့နယ်ရှိ ကျောင်းတစ်ကျောင်းတွင် အလယ်တန်းပြဆရာမတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည်။ မိမိတာဝန်ထမ်းဆောင်ရသည့်ကျောင်းတွင် ပညာသင်ကြားရေးအပြင် စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေး ဆရာမတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ၎င်းသည်တောင်တန်းဒေသရှိကျောင်းသားများအား အဘက်ဘက်မှ မြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်နေသည်။ မိမိတာဝန်ထမ်းဆောင်နေရသည့် ကျောင်းတွင် လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများမှာ ငယ်ရွယ်သူများဖြစ်ပြီး မိမိကဲ့သို့ ကျောင်းသားများအား ထူးချွန်သူများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသူများဖြစ်သဖြင့် မိမိ၏တာဝန်ထမ်းဆောင်ရခြင်းအပေါ် အားရကျေနပ်ကြောင်း ယန်ရှန်ဇူးက ပြောကြားသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများရှိနေသောကြောင့်သာ ကျောင်းသားများ၏ အနာဂတ်လှပနေခြင်းဖြစ်သည်။

မိမိတို့နိုင်ငံရှိ လူငယ်များတွင်လည်း တရုတ်နိုင်ငံရှိ ကျေးလက်ဒေသများတွင် ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများအား အတုယူအားကျစိတ်များ ဖြစ်လာစေရန် အသိပေးရေးသားလိုက်ပါသည်။ ။

ကိုးကား – Dream becomes reality for young rural teacher (China Daily)

> ❀ ခြောက်တန်းကျောင်းသားများအတွက် အင်္ဂလိပ်စာသင်ခန်းစာကို စတင်သင်ကြားချိန်တွင် ကျောင်းသားများသည် အင်္ဂလိပ်စာအခြေခံအားနည်းပြီး အင်္ဂလိပ်စကားပြောဆိုခြင်း၌ မသွက်လက်သဖြင့် ဘာသာစကားကို စိတ်ဝင်စားလာစေရန် အင်္ဂလိပ်သီချင်းများနှင့် ဂိမ်းများကဲ့သို့သောကဏ္ဍများကို ထည့်သွင်းသင်ကြားပေးခဲ့ရာ ကျောင်းသားများ၏ အင်္ဂလိပ်စကားလေ့ကျင့်ခြင်း၊ စကားပြောခြင်း၊ စာဖတ်ခြင်းနှင့် စာရေးခြင်းတို့တွင် တိုးတက်မှုရှိလာခဲ့သည်။ ယခုကဲ့သို့ အနာဂတ်နိုင်ငံ့တာဝန်ကို ထမ်းဆောင်မည့်သူများအား ပညာသင်ကြားပေးနေ
>
> ❀ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ ပညာသင်ကြားပေးနေသည့် ဆရာဆရာမများရှိနေသောကြောင့်သာ ကျောင်းသားများ၏ အနာဂတ်လှပနေခြင်းဖြစ်

## ပျော်ဘွယ်မြို့နယ်၌ နွေစပါးသီးနှံအောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းကြည့်ရှု

ပျော်ဘွယ် ဇွန် ၂၂

ပျော်ဘွယ်မြို့နယ် သစ်ဆိမ့်ပင်ကျေးရွာနှင့် ပိတောက်ပင်ကျေးရွာတို့တွင် သမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထားသည့် နွေစပါးသီးနှံ စိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းနေမှုကို သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည့်စိုးသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။



ထိုကဲ့သို့ ကြည့်ရှုအားပေးရာတွင် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည့်စိုးက စပါးရိတ်သိမ်းချိန်တွင် တစ်ကေပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် အလေအလွင့်မရှိစေရေး၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ နည်းပညာများရယူရေး၊ အမိုးအကာအောက် အမြန်ဆုံးရောက်ရှိစေရေး၊ ၂၀၂၅-၂၀၂၆ မိုးစပါးစိုက်ပျိုးရာတွင်လည်း မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး၊ သမဝါယမ ဦးစီးဌာနအနေဖြင့် မျိုးစေ့နှင့် သွင်းအားစုများ၊ မျိုးစေ့ချကိရိယာများ ပံ့ပိုးပေးနိုင်ရေး၊ မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်းကြောင့် အထွက်နှုန်းကောင်းမွန်ပြီး မျိုးစေ့သုံးစွဲမှုနှုန်းထား လျှော့ချနိုင်မည်ဖြစ်ကြောင်း တို့ကို ရှင်းလင်းဆွေးနွေးသည်။

သစ်ဆိမ့်ပင် ကျေးရွာနှင့် ပိတောက်ပင်ကျေးရွာတို့မှ သမဝါယမအသင်းသား တောင်သူများအနေဖြင့် နွေစပါးစိုက်ဧက ၂၅၀ ကို ချောင်းမကြီးဆည်မှ နွေသီးနှံအတွက် ဖြန့်ဝေပေးသည့် ဆည်ရေဖြင့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေကြည်မြို့နယ်၌ ပြည်ထောင်စုလူမှုစီးပွားမြှင့်တင်ရေးစီမံကိန်း သွင်းအားစုပေးအပ်ပွဲ ကျင်းပ

ရေကြည် ဇွန် ၂၂

ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ တောင်သူများအား မျိုးထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ကြို့ကုန်းကျေးရွာ စိုက်ပျိုးရေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အသင်းသား ၁၄ ဦး၊ စိုက်ဧက ၉၀ တို့အတွက် မျိုးတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ ထွန်ယက်ခငွေကျပ် ၅၀၀၀၀ နှုန်းနှင့် သွင်းအားစုပစ္စည်းများ ပံ့ပိုးငွေကျပ် စုစုပေါင်း သိန်း ၁၈၀ ကို အသင်းသားကိုယ်စားလှယ်များထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တိုက်ကြီးမြို့နယ်၌ စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲပြုလုပ်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၂၁ ရက်



နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် မြောက်ပိုင်းခရိုင်တာဝန်ခံ ဦးဘိုကြည်က အမှာစကားပြောကြားသည်။ ယင်းနောက် ရုံးအဖွဲ့မှူး ဦးဝင်းသိန်းက စာကြည့်တိုက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပွင့်လင်းစွာ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီး စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဝင်က ညှိနှိုင်းပေါင်းစပ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန



## သမဝါယမအသင်းသားတောင်သူများ၏ နွေစပါးစိုက်ခင်း ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် ဌာနမှကြီးကြပ်လျက်ရှိသော စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးကို စဉ်ဆက်မပြတ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် မောင်းရမ်းအုပ်စု ဝက်စုကျေးရွာ ဝက်စုလယ်/ထွေသမဝါယမအသင်း၏ အသင်းသား ၂၅ ဦး၊ စိုက်ဧက ၅၇ ဒသမ ၇၀ ဧက နွေစပါးစိုက်ခင်းအား အချိန်မီရိတ်သိမ်းနိုင်ရေး၊ အလေအလွင့်မရှိဘဲ အမိုးအကာအောက် အချိန်မီရောက်ရှိနိုင်ရေးနှင့် ထွက်ရှိလာသော စပါးများ ဈေးကောင်းရရှိရန် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး လိုအပ်သည်များကို သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည့်စိုးက တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)သည် နွေစပါးများရိတ်သိမ်းပြီး မိုးစပါးများ စတင်စိုက်ပျိုးတော့မည်ဖြစ်ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် သမဝါယမအသင်း ၁၇ သင်း၊ အသင်းသားတောင်သူ ၂၇၉ ဦး၊ စိုက်ဧက ၇၁၉ ဒသမ ၂၄ ဧကတို့အား မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိကာ အထွက်နှုန်းအထူးကောင်းမွန်သော တောင်သူစိုက်လိုသည့် မျိုးစပါးများကို စိုက်ပျိုးချိန်မီ တောင်သူများလက်ဝယ်ရောက်ရှိရေး၊ မြေဩဇာ၊ သွင်းအားစုများ အချိန်ကိုက် အချိုးကျထည့်သွင်းနိုင်မှသာ အထွက်နှုန်းကောင်းမည်ဖြစ်သဖြင့် ဌာနတာဝန်ရှိသူများအနေဖြင့် တောင်သူ၏ လိုအပ်ချက်များကို စိုက်ပျိုးချိန်အမီ အချိန်ကိုက်ရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

## ပဲခူးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပဲခူး ဇွန် ၂၂

ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ “အပြည်ပြည်ဆိုင်ရာရာသီဥတုပြောင်းလဲမှုနေ့”အထိမ်းအမှတ်အဖြစ် မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၄၀/၅)နှင့် (၄၀/၆)အကြား၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ ဘုရားကြီးမြို့မြို့အုပ်ချုပ်ရေးမှူးဦးဆောင်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဘောနတ်ကြီး အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပဲခူးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်အောင်နှင့် ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းတို့က တက်ရောက်လာသည့် တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပျိုးပင်များကို ဖြန့်ဝေပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ ကံ့ကော်၊ ငုရွှေဝါ၊ ပန်းပိတောက်၊ ပျဉ်းမ၊ စိန်ပန်းကြီးနှင့် သစ်မျိုးများအပါအဝင် ပျိုးပင်ပေါင်း ၁၅၂၀ အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ဥတုရာသီ တောကိုမှီ၏

# ဆက်သွယ်ရေးနည်းပညာ

နီဇော်သစ်



သတင်းခေတ်ကိုဖြစ်စေမည့် အထွေထွေသုံး နည်းပညာများတွင် သက်တမ်းအရင့်ဆုံးနှင့် အဓိက အကျဆုံးမှာ ဆက်သွယ်ရေးနည်းပညာဟု ဆိုရမည်။ ဆက်သွယ်ရေးသည် လူသားသမိုင်းတစ်လျှောက် အရေးကြီးဆုံးနည်းပညာတစ်ခု ဖြစ်ခဲ့သည်။ မီးခိုး အချက်ပြမှုမှအစ မာရသွန်စစ်ပွဲမှ ဆက်သားအလယ် စမတ်ဖုန်းတို့အဆုံး ခေတ်တိုင်းခေတ်တိုင်းတွင် ဆက်သွယ်ရေးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအရပ်ရပ်အတွက် မရှိမဖြစ် အရေးပါခဲ့သည် မဟုတ်ပါလား။ သို့သော် ဆက်သွယ်ရေးကို နည်းပညာတစ်ရပ်အဖြစ် စတင်ရှုမြင်ဖို့ဆိုလျှင် စက်မှု တော်လှန်ရေးခေတ်ကတည်းက စတင်ပေါ်ပေါက်ခဲ့ သည့် ကြေးနန်းနည်းပညာမှ စတင်ရမည်ဖြစ်သည်။

၁၈၄၄ ခုနှစ်တွင် ဆင်မြူရယ်မော့စ်က What hath God wrought? ဆိုသည့် စာလေးတစ်ကြောင်း ကို ဝါရှင်တန်ဒီစီမှ ဘာလ်တီမိုးသို့ ပို့လိုက်ခြင်းဖြင့် ဆက်သွယ်ရေး ခေတ်ပြောင်းတော်လှန်ရေးတစ်ခု ဖြစ်လာသည်။ သတင်းသည် အလွန်လျင်မြန်သွား ခဲ့ပြီး လူသားသမိုင်းတစ်လျှောက် ကြီးမားသော အရွေ့ကြီးတစ်ခုဖြစ်ခဲ့၏။ ၁၉ ရာစုနှောင်းပိုင်းတွင် အတ္တလန္တိတ်ဖြတ်ကျော် ကြေးနန်းကြိုးများသည် ကမ္ဘာကြီးကိုကျုံ့သွားစေပြီး ကမ္ဘာ့ဈေးကွက်၊ သံခင်း တမန်ခင်းများနှင့် ဂျာနယ်လစ်ဇင်တို့ကို အုတ်မြစ်ချ ပေးခဲ့သည်။

၁၈၇၆ ခုနှစ်တွင် အလက်ဇန္ဒား ဂရေဟမ်ဘဲလ် ၏ ကမ္ဘာကျော် "မစ္စတာဝပ်ဆင်ရေ၊ ဒီကိုလာပါဦး၊ ခင်ဗျားကို တွေ့ချင်လို့" ဆိုသည့်စကားဖြင့် တယ်လီ ဖုန်းတစ်ခေတ် စတင်သည်။ ကြေးနန်းသင်္ကေတ များကို အလွတ်ကျက်နေစရာမလိုတော့။ တစ်ဦး စကားကို တစ်ဦးနားမှာ မိုင်ပေါင်းများစွာ ကွာဝေးသည့်တိုင် ကြားနိုင်လာသည်။ ၂၀ ရာစုတွင် တယ်လီဖုန်းသည် အိမ်သုံးပစ္စည်းတစ်ခုဖြစ်လာ သည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် တယ်လီဖုန်း ကွန်ရက်များ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာခဲ့ သည်။ စီးပွားရေးအပေးအယူတို့ကို အချိန်နှင့် တစ်ပြေးညီ လုပ်နိုင်လာပြီး အရေးပေါ်တုံ့ပြန်မှုများ လည်း လုပ်နိုင်လာသည်။ လူမှုဆက်ဆံရေးကို ပုံစံအသစ်ဖော်ဆောင်ပေးခဲ့သည်။ "ကြီးမားတဲ့ ရှာဖွေတွေ့ရှိမှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ စိတ်တွေ အများကြီးရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပါဝင် နေတယ်"ဟု ဘဲလ်ပြောခဲ့သလိုပင် တယ်လီကွန်း ဆင့်ကဲတိုးတက်မှုတွင် ပူးပေါင်းဆောင်ရွက်မှုများစွာ ကို တွေ့မြင်ခဲ့ရသည်။

ဆက်သွယ်ရေးနည်းပညာ၏ နောက်ထပ် အရေးပါသော အစိတ်အပိုင်းတစ်ခုမှာ ရေဒီယိုနှင့် ရုပ်မြင်သံကြားဖြစ်သည်။ တစ်အုပ်တစ်မ ဆက်သွယ် ရေးကို မွေးဖွားပေးခဲ့သည့် အရာများလည်းဖြစ်သည်။ ၁၉၂၀ ပြည့်လွန်နှစ်များတွင် ရေဒီယိုထုတ်လွှင့်မှု ပေါင်း သန်းနှင့်ချီခဲ့သည်။ ထိုအထဲတွင် ဖျော်ဖြေ ရေးသာ ပါဝင်နေသည်မဟုတ်ဘဲ စစ်ရေးဝါဒဖြန့်ချိမှု၊ ပညာရေးနှင့် အများပြည်သူကျန်းမာရေး လုပ်ဆောင် ချက်များလည်း ပါဝင်သည်။ ၁၉၅၀ ပြည့်လွန်နှစ်များ အတွင်း ခေတ်စားခဲ့သော ရုပ်မြင်သံကြား နည်းပညာက ထိုအပြောင်းအလဲတွင် ရုပ်ပုံကို ထည့်ပေးလာသည်။ ထိုနည်းပညာတို့သည် လူထု သဘောထား၊ စားသုံးသူအမူအကျင့်တို့ကို ပုံဖော် ပေးသည့်အပြင် ယဉ်ကျေးမှုဆိုင်ရာသတ်မှတ်ချက် များကိုပါ ကမ္ဘာတစ်ဝန်း ပြောင်းလဲလာစေခဲ့သည်။

၁၉၆၂ ခုနှစ်တွင် တဲလ်စတားဂြိုဟ်တု တက် သွားသည်။ ယင်းမှာ ပထမဆုံး ဆက်သွယ်ရေးဂြိုဟ်တု ဖြစ်သည်။ ခေတ်သစ်တစ်ခုကို စတင်လိုက်ပြီး ဂြိုဟ်တုဆက်သွယ်ရေးခေတ်ဖြစ်သည်။ ဂြိုဟ်တု နည်းပညာသည် တယ်လီဖုန်းနည်းပညာနှင့် ရုပ်မြင် သံကြားနည်းပညာတို့ကို တစ်ကမ္ဘာလုံးသို့ ချိတ်ဆက်နိုင်အောင် ပံ့ပိုးပေးလိုက်သည်။ နိုင်ငံ တကာဆက်သွယ်ရေးတို့ကို ချက်ချင်းလက်ငင်း လုပ်ဆောင်လာနိုင်စေသည်။ ၂၀ ရာစုနှောင်းပိုင်းတွင် ဖိုင်ဘာအလင်းကေဘယ်လ်များနှင့် ဒစ်ဂျစ်တယ်စနစ် တို့ပါဝင်လာရာ ဆက်သွယ်ရေးသည် ပိုမြန်၊ ပိုပေါ၊ ပိုအားကိုးရမှုများရှိလာသည်။ တယ်လီကွန်းသည် ဇိမ်ခံပစ္စည်းမဟုတ်တော့ဘဲ ကမ္ဘာ့အာရုံကြောစနစ် ကြီးတစ်ခု ဖြစ်လာခဲ့သည်။

အခြားအထွေထွေသုံး နည်းပညာများဖြစ်သော ကွန်ပျူတာနှင့် အင်တာနက်တို့ ပေါ်လာချိန်တွင် လည်း ဆက်သွယ်ရေးနည်းပညာသည် တစ်ဆစ်ချိုး ထပ်မံတိုးတက်ခဲ့သည်။ သတင်းနည်းပညာခေတ်ကို ပီပီပြင်ပြင် ဖြစ်လာစေသည်။ အီးမေးလ်၊ ဝက်ဘ်နှင့် ဗွီအိုအိုင်ပီတို့သည် ထုံးတမ်းစဉ်လာ တယ်လီဖုန်း များကို စိန်ခေါ်လာခဲ့ပြီး တယ်လီဖုန်းဆက်သွယ်ရေး ကိုပါ ပုံစံပြောင်းစေခဲ့သည်။ ထို့နောက် မိုဘိုင်းဖုန်း များ ပေါ်လာသည်ကို အားလုံးမြင်တွေ့ခံစားကြရ ပြီးသားပင်။

ဆက်သွယ်ရေးနည်းပညာ၏ အားသာချက် တစ်ခုမှာ ရှေ့တွင်ဖော်ပြခဲ့သည့် ပေါင်းကူး နည်းပညာများဖြစ်သော ကျုံ့နိုင်သမျှ ကျုံ့အောင် လုပ်သည့်နည်းပညာ၊ ဆိုက်ဘာနက်တစ်နည်းပညာ တို့နှင့် တစ်သားတည်းကျနိုင်သည့် အချက်ဖြစ်သည်။ ဆီလီကွန်ခေတ်ရောက်ပြီး ကိရိယာတန်ဆာပလာ များ ပိုကျုံ့လာချိန်တွင် ဆက်သွယ်ရေးနည်းပညာ များလည်း ပုံစံပြောင်းပြီး ပိုကောင်းလာသည်။ ဒစ်ဂျစ် တယ်ခေတ်မရောက်ခင်ကလည်း အန်နာလော့ ကိရိယာများဖြင့် အလုပ်ဖြစ်သလို ဒစ်ဂျစ်တယ် ခေတ်တွင် ဆက်သွယ်ရေးမှာ ပိုကောင်းလာသည်။ ကွန်ပျူတာခေတ်ရောက်ချိန်တွင်လည်း ကွန်ပျူတာ သည် ဆက်သွယ်ရေးကိရိယာတစ်ခုဖြစ်လာသည်။ နောက်ဆုံး အိတ်ဆောင်ကွန်ပျူတာများဟုပင် ခေါ်နိုင်သည့် မိုဘိုင်းဖုန်းများ ခေတ်စားလာသည် မှာလည်း ဆက်သွယ်ရေးနည်းပညာ၏ ဦးဆောင်မှု မဟုတ်ပါလား။

ထို့ကြောင့် ဆက်သွယ်ရေးနည်းပညာ၏ အကျိုး သက်ရောက်မှုတို့မှာ ကြီးမားလှေ့ရှိသည်။ ထို့ကြောင့် ပါဝါပြန်လည်ဖြန့်ဝေနိုင်စွမ်းလည်း ကြီးမားသည်။ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့တွင် ကြီးမားသော ပါဝါအပြောင်းအလဲတို့ကို ဖြစ်စေသလို လူမှုရေးနှင့် ယဉ်ကျေးမှုတို့ကိုပါ ကြီးကြီးမားမား ပြောင်းလဲစေ သည်။ နည်းပညာသုံးနိုင်မှုအပေါ်မူတည်၍ တိုင်းပြည်နိုင်ငံတို့၏ အင်အားကွာခြားသွားနိုင်သလို လူတစ်ဦးတစ်ယောက်ချင်းစီ၏ အခြားသူများအပေါ် လွှမ်းမိုးမှုမှာလည်း ကွာခြားသွားသည်။ စီးပွားရေး လုပ်ငန်းကြီးများ၏ သုံးစွဲသူအပေါ် ဩဇာလွှမ်းမိုး နိုင်စွမ်းများလည်း မြင့်တက်လာသည်။ အချို့သော ကော်ပိုရေးရှင်းကြီးများဆိုလျှင် အချို့သော တိုင်းပြည် နိုင်ငံများထက်ပင် ငွေအင်အား၊ အရင်းအမြစ် အင်အားကြီးမားလာခဲ့သည်။ အချို့သော ကော်ပို ရေးရှင်းကြီးများသည် နိုင်ငံအတော်များများထက် ပိုမိုများပြားသည့် သုံးစွဲသူလူဦးရေကို ပိုင်ဆိုင်လာ သည်။ လူတစ်ဦးချင်းစီ၏ လုပ်ငန်းခွင်နှင့် လူနေမှုဘဝ တစ်ခုချင်းစီတို့အထိ ဝင်ရောက်ပတ် သက်လာနိုင်ခြင်းကြောင့် လူအတော်များများ သည် ကိုယ့်တိုင်းပြည်နိုင်ငံတွင် နေထိုင်နေရင်းမှာပင် ကော်ပိုရေးရှင်းကြီးများ၏ တိုင်းသူပြည်သားများ ဖြစ်မှန်းမသိ ဖြစ်လာရသည်။ ထိုသို့ ဆက်သွယ်ရေး နည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှုများအကြောင်း ကို နောက်တစ်ပတ်တွင် ဆက်လက်ဆွေးနွေးသွား ပါမည်။

# ပဟေဠိဖြစ်နေသော နဂါးလူသားခေါင်းခွံမှာ ဟိုမို ဒင်နီဆိုဗန်ဖြစ်ကြောင်း အဖြေထွက်




၂၀၁၈ ခုနှစ်တွင် တွေ့ရှိခဲ့ပြီး 'နဂါး လူသား' (Dragon Man)ဟု အမည် ပေးထားသော ကျောက်ဖြစ်ရုပ်ကြွင်း ခေါင်းခွံမှာ ပျောက်ကွယ်သွားပြီဖြစ်သော ဟိုမို ဒင်နီဆိုဗန် လူသားမျိုးနွယ် ရုပ်ကြွင်းဖြစ်ကြောင်း အဖြေထွက်လာ ပြီဖြစ်သည်။

ထိုကျောက်ဖြစ်ရုပ်ကြွင်း ခေါင်းခွံ သုတေသီတို့လက်ထဲ ရောက်လာက တည်းက လက်ရှိလူသားမျိုးနွယ်ဖြစ် သော ဟိုမိုဆေပီယန်လည်းမဟုတ်၊ ဆေပီယန်တို့နှင့် ယှဉ်ပြိုင်နေထိုင်ခဲ့သည့် ဟိုမို နီအန်ဒါသယ်တို့လည်းမဟုတ် ကြောင်း သိရှိခဲ့သည်။ မည်သည့် လူသားမျိုးနွယ်ဆိုသည်မှာ စိတ်ဝင် စားဖွယ်ကောင်းနေရာမှ ယခု ဟိုမို ဒင်နီ ဆိုဗန်ဖြစ်ကြောင်း ဒီအင်န်အေနည်းဖြင့် ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ဒင်နီဆိုဗန်ဟု ခေါ်သော ကျောက်ဂူထဲမှ မိန်းကလေး လက်ချောင်း ကျောက်ဖြစ်ရုပ်ကြွင်း တစ်ခုကို တွေ့ရှိခဲ့သည်။ သိရှိပြီးသား ဆေပီယန်၊ နီအန်ဒါသယ်တို့နှင့် ဒီအင်န် အေချင်းမတူသော်လည်း လူသားမျိုးနွယ် သေချာသဖြင့် တွေ့ရှိရာအရပ်ကို အစွဲပြု ၍ ဟိုမို ဒင်နီဆိုဗန်ဟု အမည်ပေးခဲ့သည်။

ယခုတွေ့ရှိမှုတွင် တိုက်ရိုက်ပါဝင် ခြင်းမရှိသော်လည်း တိုရွန်တိုတက္ကသိုလ် မှ ရှေးဟောင်းသုတေသနပညာရှင် တစ်ဦးဖြစ်သည့် ဒေါက်တာ ဗင့်စ် ဘိုင်အိုလာက "အတော်ကို စိတ်လှုပ်ရှား စရာကောင်းပါတယ်။ ၂၀၁၀ ပြည့်နှစ် ကတည်းကစပြီး ကျွန်တော်တို့နဲ့ အတူယှဉ်တွဲနေထိုင်ခဲ့တဲ့ လူသားမျိုးနွယ် တခြားတစ်စု ရှိခဲ့တယ်ဆိုတာကို သိခဲ့ကြ ရပါတယ်။ ဒါပေမဲ့ သူတို့ရဲ့သွားတွေ ဘယ်လိုရှိမလဲဆိုတာကို မခန့်မှန်းနိုင်ခဲ့ ကြပါဘူး"ဟု ဆိုသည်။

ယခု လေ့လာဆန်းစစ်ခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်း ဦးခေါင်းခွံကို ၁၉၃၃ ခုနှစ်အတွင်း တရုတ်မီးရထား လမ်းလုပ်သားတစ်ဦးက တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ မည်သည့်အကြောင်းကြောင့် ဟုမဆိုနိုင်သော်လည်း အရေးကြီးသည့် အရာတစ်ခုဖြစ်မည်ဟု ယူဆခဲ့ပုံရပြီး ရေတွင်းတစ်ခုထဲတွင် ဖွက်ထားခဲ့သည်။ ၎င်း ကွယ်လွန်ခါနီးအချိန်တွင်မှ ထိုအကြောင်းကို မိသားစုထံပြောပြခဲ့ပြီး ၎င်း၏မိသားစုက ၂၀၁၈ ခုနှစ်တွင်မှ ရှာတွေ့ကာ ဟောပေးတက္ကသိုလ်သို့ အပ်နှံခဲ့ခြင်းဖြစ်သည်။

ရှာဖွေတွေ့ရှိသည့် ဟောလုံကျန်း အရပ်ကို အစွဲပြုပြီး ဟိုမိုလုံကီ သို့မဟုတ် နဂါးလူသားဟု အမည်ပေးခဲ့ခြင်းဖြစ် သည်။ ယခုအချိန်တွင်မူ သီးခြား ဟိုမို လူသားမျိုးနွယ်တစ်ဦး မဟုတ်ဘဲ ရှေ့ကတွေ့ရှိပြီးသားဖြစ်သည့် ဟိုမို ဒင်နီ ဆိုဗန်မျိုးနွယ်ဖြစ်ကြောင်း အတည်ပြု နိုင်ခဲ့သည်။

Ref: DailyMail

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 4

**Unit 1 People around us**

**(ယခင်တစ်ပတ်မှ အဆက်)**

**IV. Fill in the blanks with "am, is or are".**

1. This __________ U Khin Aung. He is a teacher.
2. These __________ Mu Mu and Kyaw Maung. They are students.
3. I __________ tall and slim.
4. They __________ good actors.
5. She is not a student. She __________ a teacher.
6. Both my sister and my brother __________ doctors.
7. There __________ trees on both sides of the road.
8. I __________ Maung Maung. They are Su Su and Aye Mar. We are friends.
9. There __________ many people at the bus-stop. They are waiting for the bus.
10. My friend __________ tall so she can be a basketball player.

**V. Fill in the blanks with "has or have".**

1. She __________ curly hair.
2. This is Tun Tun. He __________ straight hair.
3. These are Thazin and May Lay. They __________ long hair.
4. Myat Thida __________ black eyes.
5. They __________ a beautiful house.
6. My brother is short and plump. He __________ big ears.
7. They __________ a car. Their car is red.
8. We __________ some flour and eggs. We can make a cake.
9. My mother is tall and slim. She __________ big black eyes.
10. My best friend and I __________ the same hobby. We like to collect stamps.

**VI. Fill in the blanks with the correct words.**

Ko Ko: Hi! __________'m Ko Ko.
I'm short __________ slim.
I'm __________ Grade 4.

Aye Thein: Hi! __________ Aye Thein.
I'm tall __________ plump.
I'm in Grade 5.

Nilar: Hi! I'm Nila.
I'm tall and slim.
I'm in __________ 4.

Marlar: Hi! I'm Marlar.
I'm short and slim.
I'm __________ Grade 3.

Thuzar: I'm Thuzar. I'm short and slim.
We __________ all friends.
My friends are helpful. They __________ friendly too.

*****************

**Answers**

IV. 1. Is 2. Are 3. Am 4. Are 5. Is 6. Are 7. Are 8. Am 9. Are 10. Is

V. 1. Has 2. Has 3. Have 4. Has 5. Have 6. Has 7. Have 8. Have 9. Has 10. Have

VI. **Ko Ko**: Hi! **I'm** Ko Ko.
I'm short **and** slim.
I'm **in** Grade 4.
**Aye Thein**: Hi! **I'm** Aye Thein.
I'm tall **and** plump.
I'm in Grade 5.
**Nilar**: Hi! I'm Nilar.
I'm tall and slim.
I'm in **Grade** 4.
**Marlar**: Hi! I'm Marlar.
I'm short and slim.
I'm **in** Grade 3.
**Thuzar**: I'm Thuzar. I'm short and slim. We **are** all friends.
My friends are helpful. They **are** friendly too.

****************

## Grade 5

**Unit 1**

**Lesson 2 At school**

**Section (B) Reading**

**II.(A) Look at the picture and write True or False to answer the given words.**

(1)  play high and seek (1) ________________

(2)  study together (2) ________________

(3)  It is raining. (3) ________________

(4)  It is sunny. (4) ________________

(5)  have lunch (5) ________________

**(B) Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| my | last | did | Which | much |
| whom | there | costs | some | was |

**Min Min**: I went to a supermarket __________ weekend. (1) ____________

**Bo Bo**: Oh! That sounds good. ___________ supermarket did you go? (2) ____________

**Min Min**: I went to Ocean Supermarket.

**Bo Bo**: With___________? (3) ____________

**Min Min** : With ___________ mother. (4) ____________

**Bo Bo**: What did you buy___________? (5) ____________

**Min Min**: I bought ___________ pens and books. And a story book. (6) ____________

**Bo Bo**: How ___________ does the story book cost? (7) ____________

**Min Min**: It ___________ 1800 Ks. (8) ____________

**Bo Bo**: What ___________ you do else? (9) ____________

**Min Min**: Noting special. When I got home, I ___________ very tired. (10) ____________

**(C) Read the passage and answer the questions.**

Professor Zaw Maung visited some friends on the other side of town. After a good dinner and a game of cards, he said, 'I'm going to walk home now.'

But his hostess looked out of the window and said, 'The weather's very bad. It's cold and wet and windy. Please stay here tonight.' She went and made him a bed.

After a few minutes, she came back to the living-room, but the professor was not there. She and her husband waited for half an hour, and then they went to bed. But then the professor knocked at the back door of the house. He was very wet. His host came to the door. 'You're here!' he said happily.

'Yes,' the professor answered. He smiled and said, 'I went home and got my pajamas.'

(1) Whom did professor Thein Myint visit?
(2) Who said the weather was very bad?
(3) What did his hostess do for him?
(4) What did the professor knock?
(5) Where did the professor go to get his pajamas?

*********************

**Section (C) Writing**

**III.(A)Fill in the blanks with a suitable word form.**

(1) I found your pen here. You are (luck) ____________.
(2) It is rainy and ________ (wind) today.
(3) Daw Hla Thuzar is our class (teach) ____________.
(4) U Ba is our school's (garden) ___________.
(5) Stop (talk) ___________. Teacher is teaching.

**(B) Supply the correct form of the verb given the brackets.**

(1) (borrow) May I ___________ your pen, please?
(2) (go) May I ___________ to the restroom, teacher?
(3) (sit) Where can I _________ ?
(4) (listen) We always ___________ to the teacher.
(5) (study) Let's ___________ together.
(6) (help) Can you ___________ me, please?
(7) (be) We __________ late. Hurry up!
(8) (see) I didn't ___________ him on the school bus.
(9) (find) Did you __________ my lost pen?
(10) (ride) I want to ___________ a bicycle after school.

**Answers**

**Unit 1**

**Lesson 2 At school**

**Reading**

(A) (1) True (2) False (3) True (4) True (5) False

(B) (1) last (2) Which (3) whom (4) my (5) there (6) some (7) much (8) costs (9) did (10) was

(C) (1) Professor Thein Myint visited some friends on the other side of the town. (2) His hostess said the weather was very bad. (3) His hostess made a bed for him or made him a bed. (4) The professor knocked at the back door of the house. (5) The professor went home to get his pajamas.

Writing

(A) (1) lucky (2) windy (3) teacher (4) gardener (5) talking

(B) (1) borrow (2) go (3) sit (4) listen (5) study (6) help (7) are (8) see (9) find (10) ride

********************

## Grade 6

**Unit 1**

**Lesson Greeting, introducing and leave-taking**

**(ယခင်တစ်ပတ်မှ အဆက်)**

**Grammar**

**(A) Choose the correct words.**

1. _________ **(Where/What / Who)** is your name?
2. __________**(What / How / Where)** do you live?
3. __________**(Which/ What/ Where)** grade are you in?
4. __________**(What / How/ When)** are you?
5. __________**(What / When / How)** is your address?

**(B) Reorder the following sentences.**

(1) you / a / Grade / student / 6 / Are/ ? /
(2) old / are/ you / ? / How/
(3) do / you / How / do / ?
(4) from / Yangon / . / I'm /
(5) from / Where / you / are / ? /

**(C) Introduce yourself.**

**Hello everyone! Let me introduce myself.** I am _____________. I am a Grade 6 student. I am from _________________. I am _____ years old. My father is U _____________ . He is a/an _____________. He is _______ years old. My mother is Daw __________________. She is a/an _____________. She is ______ years old. I have _______ brother(s) and ______ sister(s). My favourite food is ____________. My hobby is ______________. My favourite sports are _________ and ___________. I live in __________. My aim in life is to be a/an ________________. That's all. Thank you for your attention.

*************************

**Answers**

**Unit 1**

**Lesson Greeting, introducing and leave-taking**

Grammar (A) 1. What 2. Where 3. What 4. How 5. What

(B)(1) Are you a Grade 6 student? (2) How old are you? (3) How do you do? (4) I'm from Yangon. (5) Where are you from?

************************

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

Grade 7

## Unit 1

### Lesson 2 : Life as an artiste

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Kindness and honesty are important personality t_________ for everyone.
2. The story taught us m______ lessons about honesty and kindness.
3. He practised every day and became s____________at playing the guitar.
4. Mozart composed c____________ music that many people still listen to today.
5. We went on a v__________ to the zoo. We saw many animals there.
6. The Mona Lisa is one of Leonardo da Vinci's famous c__________.
7. During the race, everyone was c_________ and tried their best to win.
8. He won the first prize in the art c___________. His artwork was outstanding.
9. She has an i___________ mind and loves to invent new games.
10. The p________ danced on the stage and made everyone smile.

**II. Supply the correct form of the words given in brackets.**

1. (classic) My grandma listens to __________ music on her old record player.
2. (dance) They are famous __________.
3. (comedy) My brother is like a __________ comedian; he always makes jokes to cheer us up.
4. (fame) They are __________ actors.
5. (great) The __________ moment of my life was when I got my first puppy.
6. (culture) This building is part of the city's _________ heritage.
7. (represent) Each team chose a __________ to present their ideas at the meeting.
8. (imagine) She's very hard-working but not very _____________.
9. (choose) The ________ of profession is a difficult job.
10. (encourage) The teacher's __________ helped me feel confident during the test.

**III. Supply the correct form of the verbs given in brackets.**

1. (dance) We ___________ to some disco music.
2. (follow) The lightning _______by heavy thunder quickly.
3. (impart) A teacher ________ knowledge to his or her students.
4. (entertain) He ___________ us for hours with his stories and jokes.
5. (perform) The magician _________some amazing tricks.
6. (describe) Words cannot ______the beauty of the scene.
7. (bear) Ko Ko _________ to U Hla and Daw Mya in 1987 in Yangon.
8. (found) They ________ a company for many years.
9. (invite) Our relatives and friends ________ to my birthday party this morning.
10. (visit) I _______ my grandparents on Sundays.

**********************

**Answers**

**Lesson 2 : Life as an artiste**

I. 1.traits; 2. moral; 3. successful; 4. classical; 5. vacation; 6. creations; 7. competitive; 8. competition; 9. imaginative; 10. puppet;

II. 1. classical; 2. dancers; 3. comedian; 4. famous; 5. greatest; 6. cultural; 7. representative; 8. imaginative; 9. choice; 10. encouragement;

III. 1. danced; 2. is followed; 3. imparts; 4. entertained; 5. performed; 6. describe; 7. was born; 8. have founded; 9. were invited; 10. visit;

Grade 8

## Unit 1

### Lesson 2: Learning starts at home

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Regular exercise has many b__________ health effects.
2. His height was a great b________ for playing basketball.
3. We should shoulder our r_____________ properly.
4. To be strong, a country must have u____________.
5. Smoking can increase the risk of d_______ heart disease.
6. Can you tell me about your daily r_________ in English?
7. A balanced d_________provides nutrition for your body.
8. We should visit our grandpa o_____________.
9. The children become more responsible and c___________.
10. I__________ activities include sports, wall climbing, live shows, shopping and swimming.

**II. Supply the correct form of the words given in brackets.**

1. (activity) There are many water sport ____________.
2. (benefit) Some insects are harmful but others are ____________.
3. (response) He claimed __________ for the accident.
4. (important) He emphasized the __________ of peace.
5. (occassion) I see him ___________ in town.
6. (cooperate) I require _____________ of you.
7. (blog) A person who writes a blog is a ____________.

**III. Supply the correct form of the verbs given in brackets.**

1. (do) What are you ___________ at the moment?
2. (like) He ____________ doing family activities.
3. (believe) I don't __________ what you say.
4. (develop) The story was later ___________ into a novel.
5. (spend) How much do you _________ on your clothes?
6. (clean) Now, Daw Lay ___________ the rooms.
7. (become) How long has your brother __________ a bank manager?
8. (engage) You can ____________ in the game.
9. (realise) He finally ___________ his ambition to start his own business.
10. (hope) I ____________ your wishes will come true.

**IV. Complete each sentence with the appropriate word given in the box. There are two extras.**

**responsibility table manners cooperative benefits variety jogging meals**

1. He got some __________ from his business this year.
2. Parents should teach their children _______________.
3. They have been very ___________ on working together for a solution.
4. Safety is every driver's main ______________.
5. We can do outdoor activities like _________ or cycling in the park.

**********************

**Answers**

**Lesson 2: Learning starts at home**

I. 1. balanced; 2. benefits; 3. responsibilities; 4. unity; 5. developing; 6. routines; 7. diet; 8. occasionally; 9. cooperative; 10. Indoor;

II. 1. activities; 2. beneficial; 3. responsibility; 4. importance; 5. occasionally; 6. cooperation; 7. blogger;

III. 1. doing; 2. likes; 3. believe; 4. developed; 5. spend; 6. is cleaning; 7. become; 8. engage; 9. realise; 10. hope;

IV. 1. benefits; 2. table manners; 3. cooperative; 4. responsibility; 5. jogging;

****************

Grade 9

## Unit 1

### Lesson 2: How's everything with you?

**I. Fill each blank with the appropriate word. The initial letters are given to help you.**

1. "Mingalabar" is the g______________ of Myanmar people.
2. P___________ is the study of government and how it affects people's lives.
3. The w__________ today is sunny and warm."
4. He earns a good i__________ working as a teacher."
5. Different people believe in different r____________s around the world.
6. It is p___________ to say 'please' and 'thank you' when asking for something.
7. We use phones and computers for c________with others.
8. Our neighbours are very f______. They give a helping hand when we need.
9. He smiled in r____________ to her question."
10. Can you help me with this math q_________?

**II. Choose the appropriate expression given in bracket to complete the sentences.**

1. Can you do me a _____ **(favour / respect)** and pass me the pencil on the table?
2. I have a strong _______ **(belief / trust)** that honesty is the best policy.
3. Soe Soe is very _______ **(polite / friendly)**; she always smiles and says hello to everyone.
4. We often work together as a team, and my ____**(friends/ colleagues)** are supportive.
5. The ______ **(principal / professor)** is the leader of our school and helps make important decisions.

**III. Supply the correct form of the words given in bracket.**

1. (friend) My neighbor is very _________. They always greet me with a smile.
2. (friendly) I appreciate the _________ of my classmates. They always make me feel welcome.
3. (greet) We exchange ___________ with our friends by saying "hello" or "hi" when we see them.
4. (polite) It's important to show __________ by letting others go first or holding the door for them.
5. (succeed) I studied hard for the test, and I was happy when I achieved ___________ by getting a good grade.
6. (introduce) An ___________ helps people get to know each other.
7. (believe) Some people have the ________ that hard work and determination can lead to success.
8. (warm) The sunshine brings _________ to our faces and makes us feel happy.
9. (consume) A _______ is someone who buys things from a store, like toys or clothes.
10. (religion) Some people go to church or temple to practice their __________ beliefs.

****************

**Answers**

**Unit 1 Lesson 2: How's everything with you?**

I. 1. greeting; 2. politics; 3. weather; 4. income; 5. religions; 6. polite; 7. communicating; 8. friendly; 9. response; 10. question;

II. 1. favour; 2. belief; 3. friendly; 4. colleagues; 5. principal;

III. 1. 1. friendly; 2. friendliness; 3. greetings; 4. politeness; 5. success; 6. introduction; 7. belief; 8. warmth; 9. consumer; 10. religious;

**************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် အမျိုးသားတံခွန်စိုက်ဂျူဒိုပြိုင်ပွဲ ကျင်းပ




ပဲခူး ဇွန် ၂၂

ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီး အားကစားဥယျာဉ် မိုးလုံလေလုံအားကစားရုံ၌ ဇွန် ၂၁ ရက် မွန်းလွဲပိုင်းက ၂၀၂၅ ခုနှစ် အမျိုးသားတံခွန်စိုက်ဂျူဒိုပြိုင်ပွဲကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ အမျိုးသမီး (-၅၇)ကီလိုတန်း၊ (+၇၀)ကီလိုတန်း၊ (+၇၈)ကီလိုတန်း၊ အမျိုးသား (-၅၅)ကီလိုတန်း၊ (-၇၃)ကီလိုတန်း၊ (-၈၁)ကီလိုတန်း၊ (-၉၀)ကီလိုတန်း၊ (-၁၀၀)ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်နှင့် ဝန်ကြီးများက ဆုတံဆိပ်များနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ၂၀၂၅ ခုနှစ် အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုရ ကချင်ပြည်နယ်မှ ပိုးအိလွင်နှင့် အကောင်းဆုံးအမျိုးသား အားကစားသမားဆုရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ထက်အောင်တို့အား ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၂၂

FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ တောင်ကြီးဇုန်နှင့် မန္တလေးဇုန် ပွဲစဉ်(၉) ဒုတိယနေ့ကို ဇွန် ၂၂ ရက်က ဆက်လက်ကျင်းပသည်။




မန္တလေးဇုန်တွင် ရွှေပေလိပ်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

တောင်ကြီးဇုန် ပွဲစဉ်(၉) ဒုတိယနေ့တွင် ရှမ်းတောင်အသင်းက Paw Muu Regionအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ထို့ကြောင့် ရှမ်းတောင်အသင်းသည် နောက်ဆုံးပွဲကစားရန် ကျန်သေးသော်လည်း တောင်ကြီးဇုန်တွင် ပထမနေရာရရန် သေချာခဲ့ပြီး Grand Final တက်ရောက်ခွင့်ရခဲ့သည်။ မန္တလေးဇုန် ပွဲစဉ် (၉) ဒုတိယနေ့တွင် ရွှေပေလိပ်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

တောင်ကြီးဇုန်နှင့် မန္တလေးဇုန်တွင် တစ်ပွဲစီကစားရန် ကျန်သေးသော်လည်း Grand Final ကစားခွင့်ရမည့် လေးသင်းစလုံး အဖြေထွက်ထားပြီး ရန်ကုန်ဇုန်တွင် ရှိုင်ရယ်ရန်ကုန်အသင်းနှင့် Mar Rein အသင်း၊ တောင်ကြီးဇုန်တွင် ရှမ်းတောင်အသင်း၊ မန္တလေးဇုန်တွင် STNM အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-MFF**

# မြိတ်တက္ကသိုလ်၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၄၆ ဦးတို့အား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ

မြိတ် ဇွန် ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက် မြိတ်တက္ကသိုလ်ဓမ္မာရုံ၌ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူ ၂၄၆ ဦးတို့အား ယနေ့နံနက် ၉ နာရီက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့ ရေပုန်းရပ်ကွက် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ်ဓမ္မာရုံ၌ မြိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာယဉ်ယဉ်နွဲ့(ဦးစီး)နှင့် ကျန်းမာရေးဝန်ထမ်းများကမြိတ်တက္ကသိုလ်ရှိ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၄၆ ဦးတို့အား ကိုဗစ်-၁၉ ကာကွယ်ဆေးကို နံနက် ၉ နာရီမှမွန်းတည့် ၁၂ နာရီအထိ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အသက် ၁၈ နှစ်နှင့်အထက် ဝန်ထမ်းနှင့်မိသားစုဝင်များ၊ သံဃာတော်များ၊ ဈေးသူဈေးသားများနှင့်ရပ်ကွက်/ကျေးရွာနေပြည်သူများအား ဇွန် ၁၆ ရက်မှစတင်၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# MFF Amateur Futsal Cup 2025

## ပထမအဆင့်ရှုံးထွက်ပွဲစဉ်များ ကျင်းပ

ရန်ကုန် ဇွန် ၂၂

MFF Amateur Futsal Cup 2025 ပြိုင်ပွဲ ပထမအဆင့်ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပထမအဆင့်ရှုံးထွက်ပွဲများတွင် တော်ဝင်နန်းအသင်းက Mighty Hornets အသင်းကို လေးဂိုး-တစ်ဂိုး၊ Kyaung Sayar Thar Htwe အသင်းက Einme City အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ ကျော်လူအသင်းက Warm Brother အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အခြားပွဲတွင် ကြယ်စင်လင်းအသင်းနှင့် AON အသင်းတို့ လေးဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ ကြယ်စင်လင်းအသင်းက ငါးဂိုး-လေးဂိုး စုစုပေါင်း ကိုးဂိုး-ရှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



ကြယ်စင်လင်းအသင်းနှင့် AON အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

၁၆ သင်းရှုံးထွက်အဆင့် ပွဲစဉ်များအဖြစ် ဇွန် ၂၃ ရက်တွင် King Cobra အသင်းနှင့် ပြည့်ကြီးအသင်း၊ Burmese Warriors အသင်းနှင့် ဘုရှီဒိုအသင်း၊ P S Star အသင်းနှင့် Fabulous Phonix အသင်း၊ Water King အသင်းနှင့် ဟံသာဝတီအသင်း၊ ဇွန် ၂၄ ရက်တွင် Combine အသင်းနှင့် တော်ဝင်နန်းအသင်း၊ ULAD အသင်းနှင့် Kyaung Sayar Thar Htwe အသင်း၊ MG9 အသင်းနှင့် ကျော်လူအသင်း၊ Noka United အသင်းနှင့်ကြယ်စင်လင်းအသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

❖ **မုတ်သုံလေအားကောင်းရာမှ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၅-၆-၂၀၂၅ ရက်နေ့မှ ၂၈-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ






# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် တစ်နှစ်တာပီအက်ဖ်အေ အကောင်းဆုံးဆု ဘယ်ကစားသမားရရှိမလဲ



ပရော်ဖက်ရှင်နယ်ဘောလုံးသမားအဖွဲ့(ပီအက်ဖ်အေ)က တစ်နှစ်တာ ပီအက်ဖ်အေ အကောင်းဆုံးကစားသမားဆုကို နှစ်စဉ်ပေးအပ်ချီးမြှင့်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ တစ်နှစ်တာ ပီအက်ဖ်အေအကောင်းဆုံးကစားသမားဆုနဲ့ တစ်နှစ်တာပီအက်ဖ်အေ လူငယ် အကောင်းဆုံးကစားသမားဆုတို့အတွက်လည်း ပရော်ဖက်ရှင်နယ်ဘောလုံးသမားအဖွဲ့ရဲ့ အဖွဲ့ဝင်တွေက ထိပ်ဆုံးကစားသမား ခြောက်ဦးစီကို ရွေးချယ်ကာ အမည်စာရင်းတင်သွင်းထားပြီး ဖြစ်ပါတယ်။

လက်ရှိပရော်ဖက်ရှင်နယ်ဘောလုံးသမားအဖွဲ့က တစ်နှစ်တာပီအက်ဖ်အေ အကောင်းဆုံးကစား သမားဆု အမည်စာရင်းတင်သွင်းထားတဲ့ ကစားသမား ခြောက်ဦးစာရင်းမှာ မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ်နဲ့ လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလာတို့ ပါဝင်နေတာ ဖြစ်ပါတယ်။

အမည်စာရင်းတင်သွင်းထားတဲ့ ကစားသမားတွေထဲမှာ ပရီမီယာလိဂ် လက်ရှိချန်ပီယံ လီဗာပူးအသင်းမှ ကစားသမားနှစ်ဦး ပါဝင်နေပြီး အဲဒီကစားသမားတွေကတော့ အာဂျင်တီးနား ကွင်းလယ်ကစားသမား မက်အဲလစ်စတာနဲ့ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီမီယာလိဂ်တစ်ရာသီ အကောင်းဆုံးကစားသမားဆု ဆွတ်ခူးထားတဲ့ အီဂျစ် တိုက်စစ်မှူး မိုဟာမက်ဆာလာတို့ပဲ ဖြစ်ပါတယ်။

မိုဟာမက်ဆာလာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်သွင်းဂိုး ၂၉ ဂိုးသွင်းယူပေးခဲ့ပြီး ဂိုးဖန်တီးမှု ၁၈ ကြိမ် ပြုလုပ်နိုင်ခဲ့ကာ လီဗာပူးအသင်းကို ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းတိုက်စစ်မှူး အလက်ဇန္ဒားအီဆက်ဟာလည်း တစ်နှစ်တာပီအက်ဖ်အေ အကောင်းဆုံး ကစားသမားဆုအတွက် အမည်စာရင်း တင်သွင်းခံထားရတဲ့ ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပြီး အီဆက်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပွဲစဉ်စုစုပေါင်း ၄၂ ပွဲမှာ ၂၇ ဂိုးသွင်းယူပေးခဲ့ကာ နယူးကာဆယ်အသင်းကို ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။

မန်ယူကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ရှစ်ဂိုးနဲ့ ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်နိုင်ခဲ့လို့ တစ်နှစ်တာပီအက်ဖ်အေ အကောင်းဆုံးကစား သမားဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရတာဖြစ်ပေမယ့် မန်ယူအသင်းကတော့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယား အဆင့်(၁၅) နေရာနဲ့သာ ရာသီကုန်ဆုံးခဲ့တာ ဖြစ်ပါတယ်။



ပြီးခဲ့တဲ့ဘောလုံးရာသီက တစ်နှစ်တာပီအက်ဖ်အေ အကောင်းဆုံးလူငယ်ကစားသမားဆုရရှိခဲ့တဲ့ ချယ်လ်ဆီးတိုက်စစ်မှူး ကိုးလ်ပယ်မားကလည်း အာဆင်နယ်ကွင်းလယ်ကစားသမား ဒီကလန်ရိုက်နဲ့အတူ တစ်နှစ်တာ ပီအက်ဖ်အေအကောင်းဆုံးဆုအတွက် အမည်စာရင်း တင်သွင်းခံထားရတဲ့ ကစားသမားတွေထဲမှာ ပါဝင်နေတာဖြစ်ပါတယ်။

ပရော်ဖက်ရှင်နယ်ဘောလုံးသမားအဖွဲ့အနေနဲ့ တစ်နှစ်တာပီအက်ဖ်အေလူငယ်အကောင်းဆုံး ကစားသမားဆုအတွက် လူငယ်ကစား သမား ခြောက်ဦးကို ဖော်ပြလာရာ မှာတော့ ချယ်လ်ဆီးတိုက်စစ်မှူး လီယမ်ဒီလက်နဲ့ အာဆင်နယ် နောက်ခံလူ လီဝစ် စကယ်လီတို့ ပါဝင် နေတာဖြစ်ပါတယ်။

ဒါ့ပြင် ဘုန်းမောက်နောက်တန်းကစားသမား မီလော့စ်ကာကက်ဇ်၊ နောက်ခံလူ ဒီယန်ဟွိုက်ဆန်၊ အာဆင်နယ်တောင်ပံကစားသမား အင်န်ဝါနီရီနဲ့ အက်စ်တွန်ဗီလာကွင်းလယ်ကစားသမား မော်ဂန်ရော့ဂျာတို့လည်း တစ်နှစ်တာ ပီအက်ဖ်အေလူငယ်အကောင်းဆုံးကစားသမားဆုအတွက် အမည်စာရင်းတင်သွင်းခံထားရတဲ့ ကစားသမားစာရင်းမှာ ပါဝင်နေတာဖြစ်ပါတယ်။

လီယမ်ဒီလက်ဟာ ယခုလအစောပိုင်းက အစ်ဆွစ်အသင်းကနေ ချယ်လ်ဆီးအသင်းဆီ ပေါင်သန်း ၃၀ နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ရာသီက အစ်ဆွစ်အသင်းနဲ့အတူ သွင်းဂိုး ၁၂ ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အသက် ၁၇ နှစ်အရွယ် အင်န်ဝါနီရီကတော့ ပြီးခဲ့တဲ့ရာသီက အာဆင်နယ်အသင်းအတွက် ၃၇ ပွဲမှာ ကိုးဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စပိန်ကြယ်ပွင့် ဒီယန်ဟွိုက်ဆန်ကတော့ ဘုန်းမောက်အသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့ပြီ ဖြစ်ပြီး မီလော့စ်ကာကက်ဇ်ကတော့ ပရီမီယာလိဂ်လက်ရှိချန်ပီယံလီဗာပူးအသင်းက ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ အက်စ်တွန်ဗီလာကွင်းလယ်ကစားသမား မော်ဂန်ရော့ဂျာကတော့ ပြီးခဲ့တဲ့ရာသီက ၁၄ ဂိုး သွင်းယူပေးခဲ့ကာ ၁၅ ဂိုး ဖန်တီးပေးနိုင်ခဲ့ပေမယ့် လာမယ့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့တော့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။



လက်ရှိအချိန်မှာ ပရော်ဖက်ရှင်နယ် ဘောလုံးသမား အဖွဲ့(ပီအက်ဖ်အေ)က ပြီးခဲ့တဲ့ဘောလုံးရာသီ အတွင်း အသင်းကိုယ်စီနဲ့အတူ စွမ်းဆောင် ရည်တွေပြသနိုင်ခဲ့တဲ့ ကစားသမားတွေ ထဲကအကောင်းဆုံးကစားသမားလို့ တွက်ဆထားသူတွေကို ပီအက်ဖ် အေတစ်နှစ်တာ ဆုအတွက် အမည်စာရင်း တင်သွင်း ထားပြီဖြစ်တာကြောင့် ဘယ်ကစားသမားက တစ်နှစ်တာပီအက်ဖ်အေ အကောင်းဆုံးဆုကို ဆွတ်ခူးသွားနိုင်မလဲဆိုတာကတော့ ဩဂုတ် ၁၉ ရက်မှာ မန်ချက်စတာမြို့၌ ကျင်းပမယ့် (၅၂)ကြိမ်မြောက် ပီအက်ဖ်အေအကောင်းဆုံးဆုပေးပွဲကြီးမှာ ဆက်လက်စောင့်ကြည့်သွား ရမှာပဲ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ



